

SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အပ်တစ်ထောက်စာမြေ ပျောက်ရှတော့မည်မှာ
သေချာသောအခါ ဆောက်တည်ရာမရ ဖြစ်ရသည်။
ရှုးရမှာကိုကြောက်သည်။ သေရမှာကိုကြောက်သည်။
ဆင်းရဲရမှာကို ကြောက်သည်။
ထီးတည်တည်းကျန်ခဲ့မှာကို ကြောက်သည်။
ကြောက်လိုက်တာ. . . ။

လရိပ်ပိုးမျှင် - သော်တာအေးလှဲ့
9 782024 001188

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၁၈)

ပုံနှိပ်မှတ်တမ်း



# သော်တာအေးလဲ့

လရိပ်ပိုးမျှင်


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ မြင့်မောင်ကျော်

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၁၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

သော်တာအေးလဲ့
လရိပ်ပိုးမျှင် / သော်တာအေးလဲ့။ ရန်ကုန်.
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၂၅၆၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၁၈) လရိပ်ပိုးမျှင်


mgyoe.com

mgyoe.com SAMPLE BOOK

# တွယ်ငြိနိုင်စွမ်းလှပါပေသော 'လရိပ်ပိုးမျှင်'

ရှယ်လီ၊ မြမြမောင်းနှင့် ကိုနေခြေမြတို့ ရက်ရှယ်ဖွဲ့သီအပ်သော ဖြစ်စဉ်တစ်ခုလုံး နာဂစ်အလွန်ကာလ နောက်ခံဖြင့် ကျွန်မရင်ထဲမှာ သိမ်းကျုံးနေရာယူထားခဲ့သည်မှာ ကြာပြီ။

ပျိုမျစ်နုနယ်သူကလေးတစ်ယောက်၏ ချစ်ရေးချစ်ရာ လွဲချော်မှုတွေကို ပကတိသဘာဝအတိုင်း မျှယူခံစားရသည်ကို အဦးဆုံး ဝန်ခံရပါမည်။

သို့သော် ပုံရိပ်ရှင် 'ရှယ်လီ'ဆိုသော မိန်းကလေးမှာ 'သာမန်'မဟုတ်သည်ကိုလည်း တစ်ပြိုင်နက် နားလည်လိုက်ရသည်။ မိဘရင်ခွင်ရိပ်မှ ထွက်ပြီး သူ့ခြေထောက်ပေါ် သူရပ်ကာ လောကဓံရှစ်ပါးကို သူ့စိတ်တိုင်းကျ စိန်ခေါ်နေသူ။

နာဂစ်အလွန်ကာလ ပြန်လည်ထူထောင်ရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုတွင် ပါဝင်လှုပ်ရှားနေသူ။

ရပ်ရွာဖွံ့ဖြိုးရေးလုပ်သားဟု ဘာသာပြန်ထားသော (Community Worker) လုပ်ငန်းတာဝန်ဖြင့် ထဲ့ဘ်သန်တက်ကြွလျက်ရှိသူ။

ကျွန်မလို စာဖတ်သူအဖို့ လေးလံဖိစီးဖွယ်သော လုပ်ငန်းအတွေ့အကြုံများကို 'ရှယ်လီ'ဆိုသော မိန်းမငယ်ကလေးက ရိုးရှင်းပေ့ါပါးစွာ ရင်ဆိုင်နိုင်စွမ်းသည်။ ဖြူစင်ဖြောင့်ရှင်းသော ပျိုရွယ်သူတို့၏ အံ့မခန်း စိတ်ဓာတ်ခွန်အားကို မလေးစားဘဲ မနေနိုင်တော့။

mgyoe.com

mgyoe.com


အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းတွေ ဘာတွေလုပ်နေကြသလဲဟု သိလိုစိတ်ကို အတော်ကြီး နားလည်ခွင့်ရလိုက်ပါသည်။ ရှယ်လီနှင့်အတူ လိုက်ပါစီးမျော. . .

သူပြောသလို 'ကိုယ်အရှိန်နှင့် ကိုယ်စီးဆင်းနေသည့် ချောင်းငယ်ကလေးများ'နှင့် အတူပါ။

ရှယ်လီ နှလုံးသား အလှုပ်အခတ်မှာ ကျွန်မတို့ ငယ်ဘဝကို ကိုယ်တိုင် မသိလိုက်ဘဲ ပြန်ရောက်သွားသလိုရှိသည်။

မေ့လျော့ချန်ရစ်သော ငယ်ဘဝပုံရိပ်များ။

တန်ဖိုးထားအပ်သော အတိတ်များ။

ပျိုရွယ်သူတို့၏ ဖြူစင်သော နှလုံးသား၊ ဖြောင့်ရှင်းသော အတွေးအယူတို့မှာ ချစ်ရေးချစ်ရာ ဝန်းကျင်နံ့ဖြင့် တဒိုင်းဒိုင်း တိုးတိုက်ထိုးဆောင့်လေ့ ရှိတတ်ပါသည်။

နာဂစ်မှ အစပြု၍ ကွဲကြေပြိုပျက်သွားသော လူမှုဒုက္ခနယ်ပယ်တွင် ပြန်လည်ထူထောင်ရေး အခန်းကဏ္ဍတစ်ခုမှာ ထဲထဲဝင်ဝင် ပါရှိခဲ့သော ရှယ်လီ။

ပေးဆပ်ကြောင်း၊ စွန့်လွှတ်ကြောင်း၊ စွန့်စားကြောင်း တစ်ခွန်း တပါဒမျှ မဆိုဘဲ ဦးနှောက်ရော နှလုံးသားပါ ပေါင်းထည့်ပြီး အားသွန်ခွန်စိုက် ပါဝင်နေကြသော ရှယ်လီတို့လို လူငယ်များကို ကျွန်မတို့ သိဖို့ အတော်လိုပါသေးသည်။

တော်လှန်ရေး စကားသံများ တိတ်ဆိတ်၍ ထူထောင်ရေးလုပ်ငန်းများ ထွန်းကားပါစေသတည်း။

'သော်တာအေးလွဲ'၏ 'လရိပ်ပိုးမှျင်'က မျိုးဆက်တူလူငယ်တို့၏ ဖြူဖြောင့်သော နှလုံးသား တက်ကြွထက်သန်သော စိတ်ခွန်အားတို့ကို ဆွဲယူရစ်ဖွဲ့နိုင်ပါစေသတည်း။

ထို... ထိုသော လူငယ်များ ခွန်အားဖြင့် လူစဉ်မမီသော လူတန်းစေ့သော အနာဂတ်များ ခိုင်မာကြစေကုန်သတည်း။

လေးစားချစ်ခင်စွာ

စမ်းစမ်းနွဲ့(သာယာဝတီ)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

ဆရာမ သော်တာအေးလွဲက သူ့ရဲ့ ပထမဆုံးလက်ရာ လုံးချင်းဝတ္ထု 'လရိပ်ပိုးမျှင်'အတွက် အမှာစာရေးခိုင်းတော့ သူ့ဝတ္ထုက ရေးသင့်တဲ့ စာအဆင့် အတန်းမရှိသေးဘူးလို့ ထင်ရင်တော့ မရေးပါနဲ့လို့ ပြောခဲ့ပါတယ်။

စာဖတ်နာတဲ့ အသိုင်းအဝိုင်းက အမျိုးသမီးလေးတစ်ယောက်အဖြစ် Facebook စာမျက်နှာတွေကတစ်ဆင့် သိကျွမ်းခင်မင်ခဲ့ရတဲ့ ကာလကတော့ မကြာလှသေးပါဘူး။ ဒါပေမဲ့ သော်တာအေးလွဲက မျက်ရှု ကလောင်နာမည်နဲ့ ခေတ်ရနံ့နဲ့ မိုးမခလို မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုတွေ ရေးနေခဲ့ပြီး ဆရာရဲ့သျှမ်းကလည်း သူ့ဝတ္ထုတိုတစ်ပုဒ်ကို ကြိုက်ကြောင်းပြောခဲ့တာ သိခဲ့ရပါတယ်။ ဒါကြောင့် ပထမဆုံး လုံးချင်းမို့ လိုအပ်တာတွေ ရှိတောင်းရှိနိုင်ပေမယ့် အဆင့်အတန်းမရှိလောက်တဲ့ စာမျိုး မဖြစ်နိုင်တာတော့ ကျွန်မ ယုံကြည်ပြီးသားပါ။

သူ့စာမူကို လက်ခံယူလာခဲ့ချိန်မှာတော့ ကျွန်မ ပထမဆုံး လုံးချင်းရေးခဲ့တဲ့ ကာလလေးကို ပြန်သတိရမိပါတယ်။ အသက် ၁၈-၁၉ လောက်မှာ ဝတ္ထုတို စရေးခဲ့ပေမယ့် လုံးချင်းရေးဖြစ်တော့ အသက် ၃၈-၃၉ နှစ်လောက် ရှိခဲ့ပါပြီ။ ငယ်စဉ်က လုံးချင်းရေးဖို့ လာပြောကြပေမယ့် လက်ထဲမှာ တစ်ဆက်တည်း (၃) အုပ်စာထုတ်ဖို့ အဆင်သင့်ရှိမှဆိုတဲ့ ခေတ်တစ်ခေတ်ကြောင့် ရေးဖို့ လက်တွန့်ခဲ့ရပါတယ်။ အင်မတန်အလုပ်များတဲ့ ရုံးအလုပ်တွေကလည်း ကျွန်မလက်ကို တုန့်နှိုး

mgyoe.com

mgyoe.com SAMPLE BOOK

ဆွဲထားခဲ့ပါတယ်။ အလုပ်က ထွက်စာပဲ ရေးပါလားလို့ ဆိုပြန်တော့လည်း ဈာန်ဝင်မှ ရေးချင်စိတ်ကြောင့် မလုပ်နိုင်ပြန်ပါဘူး။

၁၉၉၅ ခုနှစ်လောက်မှာ ပထမဆုံး လုံးချင်းစရေးဖြစ်တော့ စာပေစိစစ်ရေး ငြိမှာစိုးရ၊ ဖတ်သူ ငြီးငွေ့မှာစိုးရနဲ့ ဝတ္ထုကို ဟိုဖြတ်သည်ဖြတ်လုပ်တာ များသွားခဲ့ပါတယ်။ စိတ်ရှည်လက်ရှည် ရေးထားပြီးမှ တိုတိုနဲ့လိုရင်း ကြိုက်လှတဲ့ ကျွန်မကြောင့် ဝတ္ထုဟာ စာဖတ်ပရိသတ်အကြိုက်တော့ မဖြစ်ခဲ့ပါဘူး။ ဝေဖန်ရေးဆရာတချို့ နှစ်ခြိုက်ခဲ့ပေမယ့် လှပတဲ့ အချစ်ဇာတ်လမ်းကို အခြေခံထားတာမဟုတ်ဘဲ ဘဝထဲက ရှုန်းကန်ရင်း မရေမရာ လူ့ဘဝတွေအကြောင်းမို့ စွဲမက်ဖွယ်မဖြစ်ခဲ့တာလည်း ပါမှာပါ။ မူလရေးထားတဲ့အတိုင်း ထားရင် ဖတ်လို့ ပိုပြီးအဆင်ပြေမယ့် ဝတ္ထုတစ်ပုဒ်ဟာ ကျွန်မရဲ့ ဖြတ်တောက်မှုကြောင့် ဟိုမရောက်သည်မရောက်ဖြစ်သွားခဲ့ရပါတယ်။

ဒီစာအုပ်ရဲ့ အကျိုးဆက်ကတော့ နောက်ပိုင်း ၄၊ ၅၊ ၆ နှစ် ရေးပြီး စိတ်တိုင်းကျမှသာ လက်လွှတ်ခဲ့တဲ့ ကျွန်မရဲ့ လုံးချင်းဝတ္ထုတွေအပေါ် မှာလည်း အကျိုးသက်ရောက်ခဲ့ပါတယ်။ စာဖတ်ပရိသတ်က ကျွန်မကို ဝတ္ထုတိုသမားတစ်ယောက်အဖြစ် ပိုပြီး အသိအမှတ်ပြုခဲ့ပုံရပါတယ်။ စာပေဝေဖန်ရေးဆရာတချို့နဲ့ စာဖတ်ရင့်ကျက်သူတို့ ကြိုက်စေခဲ့တဲ့ လုံးချင်းဝတ္ထုတွေတောင်မှ ဈေးကွက်မှာ ထင်သလောက် မဖြစ်ခဲ့ပါဘူး။

တစ်ဖက်ကလည်း စာဖတ်ပရိသတ် အများအပြားရှိတဲ့ခေတ်မှာ ဘဝအတွေ့အကြုံ မရင့်ကျက်သေးလို့ဆိုပြီး လုံးချင်းမရေးခဲ့ဘဲ စာဖတ်ပရိသတ် နည်းသွားချိန်မှ စတင်ရေးသားခဲ့တဲ့ ဈာန်ဝင်မှ ရေးချင်သူ စာရေးဆရာတစ်ယောက်ရဲ့ အချိန်လွဲမှားမှုလည်း ပါပါတယ်။

ကျွန်မအတွေ့အကြုံကို အခြေခံပြီး လူငယ်တွေရဲ့ ပထမဆုံး လုံးချင်းတွေ ဖတ်ရတိုင်း စာကောင်းပေမယ့် တည်းဖြတ်မှု အားနည်းတာ တွေ့ရတိုင်း အားမလိုအားမရ ဖြစ်ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကတော့ လူငယ်တချို့ရဲ့ စာအုပ်တွေ ဖတ်ရတိုင်း လူငယ်တွေကို အားပေးချင်စိတ်နဲ့ ဧရာဝတီဂျာနယ်မှာ စာအုပ်ညွှန်းကလေးတွေ ရေးခဲ့ပါတယ်။ အခုတော့ မရေးဖြစ်တာ ကြာပါပြီ။

ရေးလက်စ လုံးချင်းတွေကြောင့် ဝတ္ထုတိုမရေးဖြစ် ရေးလက်စ၊ ၃က လည်း မပြီးနဲ့ မဂ္ဂဇင်းစာမျက်နှာတွေနဲ့လည်း အလှမ်းဝေးနေတဲ့အချိန်မှာ ချစ်စဖွယ်

mgyoe.com

mgyoe.com SAMPLE BOOK

လှပတင့်တယ်တဲ့ အမျိုးသမီးငယ်ကလေး တစ်ယောက်ဖြစ်တဲ့ သော်တာအေးလဲ့က သူ့စာအုပ်မှာ အမှာရေးခိုင်းလာခဲ့ပါတယ်။ သော်တာအေးလဲ့က နယ်သာလန်နိုင်ငံမှာ ဘွဲ့လွန်တက်နေစဉ်ကာလအတွင်း ရေးသားခဲ့တဲ့ လုံးချင်းပါ။ ရေခြားမြေခြားမှာနေစဉ် မိခင်မြေက မပြည့်စုံ မလှပတဲ့ ဘဝတွေအပေါ် စာနာစိတ်၊ မေတ္တာစိတ်နဲ့ ရေးဖွဲ့ခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ပါ။

❑

(၂)

လရိပ်ပိုးမျှင်ကို စဖတ်ရတော့ အဆင့်အတန်းမမီတဲ့ စာမျိုး မဖြစ်နိုင်ဘူးဆိုတဲ့ ကျွန်မထင်မြင်ချက် မမှားဘူးဆိုတာ သိလိုက်ရပါတယ်။ သူ့ဝတ္ထုက သံယောဇဉ်အဖွဲ့ပါ။

လေးနက်လှပတဲ့ သံယောဇဉ်အဖွဲ့ကို သူကြိုးစားရေးဖွဲ့ခဲ့ပါတယ်။

မမမြမြမောင်းနဲ့ ရှယ်လီ

အန္နးနဲ့ ရှယ်လီ

ရှယ်လီနဲ့ နော်အဲမူကြားက သံယောဇဉ်တွေက အားကောင်းလှပါတယ်။

တစိမ်းတရံနယ်မြေတစ်ခု လူ့အသိုင်းအဝိုင်းတစ်ခုကြားထဲ ပထမဆုံးတိုးဝင်ရောက်ရှိလာခဲ့တဲ့ ရှယ်လီဟာ အလုပ်ထဲမှာ သူ့ထက် အတွေ့အကြုံရင့်ကျက်ပြီး စိတ်သဘောလည်းကောင်းလှတဲ့ မြမြမောင်းဆိုတဲ့ မမနဲ့ တွေ့ဆုံခဲ့ရပါတယ်။ ကျေးရွာတွေကိုဆင်းပြီး နာဂစ်ကြောင့် ဒုက္ခပင်လယ်ထဲ နစ်ခဲ့ကြရတဲ့ ရွာသူရွာသားတွေကို ကူညီတဲ့ NGO မှာ အလုပ်တွေလုပ်ရင်း မေတ္တာဝတ်မွတ်နေတဲ့ ရှယ်လီဟာ အစ်မရင်းခြာတစ်ယောက်လို ဂရုတစိုက်ရှိလှတဲ့ လုပ်သက်အတွေ့အကြုံ အများကြီးရှိတဲ့ မမနဲ့ တွေ့ဆုံခဲ့ရပါတယ်။

မိန်းမသားနှစ်ယောက်ရဲ့ မေတ္တာအပြင် နာဂစ်ကြောင့် မိသားစုတွေဆုံးရှုံးရသူတွေရဲ့ ဘဝကိုလည်း ချန်မထားခဲ့ပါဘူး။ ၂၀၀၈ ခုနှစ်မှာ နာဂစ်ကြောင့် ဘေးဒုက္ခတွေ ကြုံတွေ့ခဲ့ရတဲ့ လပွတ္တာမြို့နယ်ထဲက ရွာကလေးတွေဆီ သူ့ဝတ္ထုစာမျက်နှာတွေကတစ်ဆင့် ကျွန်မကို ခေါ်ဆောင်သွားခဲ့ပါတယ်။

ကလေးရဲ့မိခင် သေဆုံးသွားလို့ အရက်သမားကြီးဖြစ်သွားတဲ့ အဲမူလေးရဲ့အဖေ။ မိသားစုတစ်ခုလုံး ဆုံးရှုံးခဲ့ပေမယ့် ဘဝကို မေတ္တာနဲ့ ပြန်တည်ဆောက်ခဲ့တဲ့ မမခင်။ ရွာသူရွာသားတွေရဲ့ လိုအပ်ချက်တွေကို အကုန်လုံး လိုက်ဖြည့်ချင်ပေမယ့် အခွင့်မသာနိုင်တဲ့ နာဂစ်ဘေးဒဏ် ပြန်လည်ထူထောင်ရေးမှာ လုပ်ကိုင်

mgyoe.com

mgyoe.com  SAMPLE BOOK 

နေကြသူ လူငယ်ကလေးတွေ။

ပြန်မလော့မြစ်နဲ့ ရွှေးမြစ်ပေါ်က ခရီးတွေ။

ရွှေးမြစ်ပေါ်က ခရီးတစ်ခုကို သည်လိုဖွဲ့ပါတယ်။

"ရှယ်လီသည် လက်ကို အပြင်သို့ ဆန့်တန်းထုတ်ကာ မိုးပေါက်များကို လှမ်းဆုပ်သည်။ ရေယာဉ်၏အရှိန်ကြောင့် သစ်သားလှေဝမ်း၏ အောက်ခြေဘေးဘက်တွင် ရေပန်းတို့ တဖွားဖွား လွင့်ကျန်ရစ်ခဲ့သည်။ အတော်အတန် ခရီးရောက်တော့ လေထန်လာသည်။ မြစ်လယ်က လေသည် ရှယ်လီ့ဆံနွယ်များကို ခပ်ကြမ်းကြမ်း ဆွဲမွှေ၍ ဦးခေါင်းနောက်ဘက်တွင် လွန့်လူးနေစေခဲ့သည်။ မိုးပက်နေမှန်းသိသော်လည်း နေရာကနေ ရွှေ့လိုစိတ်မရှိခဲ့။ ပတ်ဝန်းကျင်ကို သည်လို စိတ်အသာတကြည် မငေးမောခဲ့ရသည်မှာ နှစ်ကာလ ဘယ်လောက်ကြာခဲ့ပြီလဲ။

လမ်းခရီးတွင် ခရီးသည်လှေတစ်စီးစ နှစ်စီးစကို မကြာခဏ တွေ့ရသည်။ တချို့များဆို လှေအမိုးပင် မပါ။ ဆောင်းဦးမိုးနှောင်းတွင် အကုန်အစင် ရွာစေခဲ့သော မိုးကြွင်းမိုးကျန်နှင့် အအေးဓာတ်ပါသော လေကြောင့် ချမ်းစိမ့်စိမ့်ဖြစ်လာသည်။ အမိုးမပါသော လှေဝမ်းထဲက ခရီးသည်များခမျာ ခိုက်ခိုက်တုန်နေမလားမသိ။

သို့သော် မြစ်လယ်တွင် ကျားပိုက်ချနေသူများကတော့ ရာသီဥတုကို ဂရုထားကြဟန်မတူ။

"ဒါနဲ့ တစ်နေ့က မြယာကုန်းမှာ မိကျောင်းတက်တာ ကြားပြီးပြီလား"

ရွှေးမြစ်ပြင်ကို ဖြတ်သန်းစဉ် ရှယ်လီ၏ခံစားမှုနှင့်အတူ ဖြတ်သန်းလာစဉ် တွေ့မြင်ရသော ရှုခင်းများ၊ လူတို့ဘဝများ၊ အသံများကို သူမေ့မထားဘဲ ထည့်သွင်း ရေးဖွဲ့သွားခဲ့ပါတယ်။

သော်တာအေးလှဲဟာ သဘာဝဝန်းကျင်အခြေအနေ လူ့သဘာဝ စိတ်ခံစားမှု အပြောင်းအလဲတွေနဲ့ မိန်းမသားနှစ်ယောက်ကြားက အချစ်နဲ့ အမုန်းကို ပီပြင်အောင် ရေးဖွဲ့သွားခဲ့ပါတယ်။

သူတို့နှစ်ယောက်ကြားမှာ မမက သတိထားဆက်ဆံပါလို့ ပြောထားတဲ့ ကိုနောင်မြဲဆိုသူ ဆရာဝန်တစ်ယောက် ရောက်လာခဲ့တဲ့အခါ ရှယ်လီရဲ့ စိတ်အပြောင်းအလဲတွေက သဘာဝကျလှပါတယ်။ ရှယ်လီကို ပြစ်မျိုးမထင် အပြစ်ကင်းစင်သူလေးတစ်ယောက်အဖြစ် ရေးဖွဲ့မထားခဲ့ဘဲ အချစ်ကြောင့် ရူးသွပ်သွားရတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ပုံဖော်ထားခဲ့ပါတယ်။

mgyoe.com

mgyoe.com

"ဆူးသည် တစ်ပါးသူအတွက် သေးငယ်သည်ဟု ထင်ရသော်ငြား နှလုံးသားနူသူအတွက်မူ အတွင်းသို့ နက်နက်ရှိုင်းရှိုင်း ရောက်ခဲ့သည်။

ထိုဆူးကို ရှယ်လီတို့ နှစ်ဦးကြားသို့ သယ်ဆောင်လာခဲ့သော မဲ့စိမ်းကလေးနှင့် လူယောက်ျားသည် သူ့ကို မကြိုဆိုခဲ့ပါဘဲ နွေဦးကာလတွင် အပူလှိုင်းနှင့်အတူ လပွတ္တာသို့ ရောက်လာခဲ့ပါသည်။ သူသာမပါခဲ့လျှင် နွေဦးသည် ပို၍အပြစ်ကင်းလိမ့်မည်ဟု နောင်တွင်တွေးမိသည်။"

သည်အပိုဒ်ကို ရေးပြီးပြီးချင်း ဆရာမသော်တာအေးလဲ့က ကိုနောင်မြဲခေါ် မဲ့စိမ်းကလေးနှင့်ဇာတ်ကောင်ကို စာဖတ်သူနှင့် မိတ်ဆက်မပေးခင် လပွတ္တာမြို့ကလေးရဲ့ နွေဦးအချိန်လေးကို ရေးဖွဲ့ထားပါတယ်။

'ပုရစ်ဖူး အစို့အညှောင့်ကလေးများသည် ဂိမှာန်နွေဦးတေးသံနှင့်အတူ လောကသို့ ထိုးထွက်လာခဲ့ချေပြီ။ လပွတ္တာမြို့ကလေးသည်လည်း သီချင်းသံ တည်ညံနှင့် ပိုပြီးစည်ကားလာသည်။

မြို့သည် အာရုံကျင်းလျှင် မမပုသိမ်သူသီချင်းနှင့် မျက်နှာသစ်သည်။

ခုနစ်စဉ်ကြယ် အမြီးထောင်ချိန်ရောက်တော့လည်း မမပုသိမ်သူသည် အိပ်ရာဝင်တေး ဖြစ်ရပြန်သည်။

တပေါင်းလမော်တင်စွန်း ဘုရားပွဲ ရောက်လုနီးပြီကိုး။ ဂဏန်းဒိုင်၊ ငါးဒိုင်မှာလည်း သီချင်းတကြော်ကြော် စနိုထိုးအဖွဲ့ကလည်း သီချင်းတအေးအေး။ တချို့ညများဆိုလျှင် ကမ်းနားသမ္ဗာန်များဆီက ပျံ့လွင့်လာသော တယောသံချွဲချွဲကိုပင် လွမ်းလွမ်းဆွေးဆွေး ကြားရသေးသည်။

ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချလှေများနှင့်သာပြီး ယောက်ယက်ခတ်လာသလို မြို့တွင်လည်း သူစိမ်းကုန်သည်တို့ အဝင်အထွက် များလာသည်။ လှုပ်ရှားအသက်ဝင်လာသော မြို့ကလေးကမူ ပုံမှန်ရာသီစက်ဝိုင်းတွင် အသားကျနေပြီထင်ပါသည်။ လူသူနှင့် စည်ကားရှုပ်ထွေးမှုဆိုသည်မှာ မိုးများသော မြစ်ဝကျွန်းပေါ်ဒေသတွင် ကာလအပိုင်းအခြားနှင့်သာ ရှိရ၍ မြို့ကလေးသည် လောကဓံကို ကျင့်သားရပြီး ဖြစ်ပေလိမ့်မည်။ အထူးပြောင်းလဲလှုပ်ခတ်မှုမရှိ။ ရောင်းသူတို့ရောင်း၍ ဝယ်သူတို့ဝယ်ကာ ပျော်သူတို့ ပျော်နေမြဲဖြစ်ပြီး ပူပန်သူတို့ ပူပန်ရဆဲ နေ့ရက်များသာ။"

သော်တာအေးလဲ့ ရေးဖွဲ့သွားတဲ့ မြို့ကလေးအဖွဲ့က သက်ဝင်ရှင်သန်နေတဲ့ မြို့ကလေးရဲ့ ပုံရိပ်တွေကို ရသအားကောင်းကောင်းနဲ့ ပြောပြသွားခဲ့ပါတယ်။

mgyoe.com

mgyoe.com

ဒီအပိုဒ်တွေက သူ့ရဲ့ စကားပြေရေးဖွဲ့နိုင်စွမ်းကိုလည်း ဖော်ပြလို့နေပါတယ်။

❑

(၃)

ကရုဏာတော်ဆိုတဲ့ မသန်စွမ်းကလေးများဂေဟာသို့ ရောက်ရှိချိန်တွင် ရှယ်လီသည် လွန်ခဲ့သောရှစ်နှစ်ကလို စိတ်လှုပ်ရှားမှုနောက်သာ လိုက်တတ်သော ရှယ်လီမဟုတ်တော့။

သေလုမျောပါးဒဏ်ရာများနှင့် လမ်းဘေးတွင် စွန့်ပစ်ခံရသော နော်အဲမူလေးကို သံယောဇဉ်ကြီးစွာ စောင့်ရှောက်တတ်သော ရှယ်လီဖြစ်ခဲ့ပြီ။ ကရုဏာတော်ရဲ့ ကျောင်းအုပ်ဖြစ်တဲ့ အန်နီးရဲ့မေတ္တာတရား။ ထိုခံစားမှုတွေက တစ်ဖန် မမြမြမောင်းကို ပြန်သတိရစေတဲ့အတွက် နောက်ကြောင်းပြန်ဇာတ်လမ်းများနဲ့ ရေးဖွဲ့ထားတဲ့ လရိပ်ပိုးမျှင်ဟာ အရေးအသားကောင်းကောင်း စကားပြေလှလှတွေနဲ့ သေသပ်လှပစွာ ကျွန်မကို ဆွဲခေါ်သွားခဲ့ပါတယ်။

ပြောစရာရှိတာက ဘဝတစ်ဆစ်ချိုး ရှယ်လီအကြောင်းနဲ့ ရှယ်လီရဲ့ ချစ်ရသူအဖွဲ့နည်းနေသလား ခံစားမိတာ တစ်ခုပါ။

မေတ္တာနဲ့ လူသားချင်း စာနာစိတ်ကို ဦးတည်ရေးဖွဲ့ထားတဲ့ လူ့ဘဝတွေအကြောင်း ဝတ္ထုတစ်ပုဒ်လည်း ဖြစ်ပါတယ်။

မပြည့်စုံသာမန်ဘဝတွေထက် ပိုကြမ်းတမ်းတဲ့ ဆွံ့အ ကလေးငယ်တွေရဲ့ စရိုက်အဖွဲ့တွေက ပီပြင်လှပါတယ်။ လူ့အဖွဲ့အစည်းထဲက မေ့လျော့ခံကလေးတွေ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နိုင်ဖို့နဲ့ အသိဉာဏ်ဖွံ့ဖြိုးဖို့ ကြိုးစားဆောင်ရွက်နေကြတဲ့ အန်နီးလို ရှယ်လီလို အမျိုးသမီးတွေ ရှိနေခဲ့တာ အားတက်စရာ ကောင်းလှပါတယ်။ ဒီလိုအကြောင်းအရာတွေကို ဝတ္ထုတစ်ပုဒ်အဖြစ် သော်တာအေးလှဲက ရေးသားတင်ပြနိုင်ခဲ့တဲ့အတွက် ဖတ်ရှုစာနာခွင့် ရခဲ့ပါတယ်။

ခင်မြဇင်

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# လရောင်နှင့် ခရီးအစ

ကျွန်မဘဝတွင် လရောင်နှင့်ပတ်သက်ပြီး ထူးထူးကဲကဲ ခံစားချက်ရှိပါသည်။

လဝန်းအလင်း ညှို့ငင်မှုကြောင့် လှိုက်ဖိုရှိုက်ငိုခဲ့ရသည်မှာ ငယ်စဉ်ဘဝ စစ်ကိုင်းချောင်တွင် သီလရှင် ဝတ်စဉ်က ဖြစ်သည်။ ထိုစဉ်က အမိနှင့် မခွဲစဖူး ခွဲရသော ကျွန်မသည် သီလရှင်ဆရာကြီးများကြားတွင် အင်မတန် စိတ်ကျဉ်းကျပ်နေခဲ့ရသည်။ စစ်ကိုင်းဘက်ကမ်းမှ မန္တလေးဘက်ကမ်းသို့ မျှော်ကြည့်ကာ မီးရောင်မှိတ်တုတ်မှိတ်တုတ် အလင်းများရှိရာကို မန္တလေးတောင်ဟု မှတ်ယူလျက် အမေကို တိုးတိတ်စွာ တမ်းတဖြစ်ခဲ့သည်။ မှတ်မှတ်ရရ ထိုနေ့ညက ကဆုန်လပြည့်ည ဖြစ်သည်။ ကောင်းကင်ထက်ကို ရုတ်တရက်ကြည့်မိတော့ ပြည့်ဝန်းစွာ ထွန်းလင်းနေသော လရောင်သည် အမိကို တသော ကလေးငယ်တစ်ယောက်အတွက် အံလွမ်းဓာတ် ကူပံ့စရာဖြစ်ခဲ့သည်။ သော်တာလကို ကြည့်ကာ 'မေမေ'ဟု တိုးညင်းစွာ ရေရွတ်ရင်း မျက်ရည်တွေတွေ ကျခဲ့ရသည်။

ဒုတိယအကြိမ် အမှတ်တရဖြစ်ခဲ့သည့် လပြည့်ညကလည်း ကဆုန်လပြည့်ညပင် ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ ပေါက်မြို့နယ် စီမံကိန်းသို့ သွားရောက်လေ့လာစဉ်ဖြစ်သည်။ ရွာကနေ ပေါက်မြို့ပေါ်သို့ ပြန်လာသည့်အချိန်သည် ညဉ့်ဦးယံလ ထွက်ပေါ်လာသည့်အချိန် ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ ထန်းတောနောက်ကွယ်က ဝင်းဝင်းစိုစို လဝန်းကြီးသည် မှိုအိနေ၏။ ထန်းပင် အရိပ်တို့သည် တရွေ့ရွေ့ ပြတ်ကျန်ခဲ့သည်။ လဝန်းကား ကျွန်မတို့နှင့်အတူ ပါလာလေသည်။ လအရိပ်အောက်က မျှော်လင့်ချက် တပွေ့တပိုက်နှင့် ခရီးသည်သည် အလင်းဖွေးဖွေးကြောင့် ကြောက်ရွံ့စိတ် ကင်းပျောက်ရသည်။ အမောပြေရသည်။ ခွန်အားတက်ကြွခဲ့ရသည်။

ထို့အပြင် အညာနွေ၏ ညဥ့်သန်းခေါင်ယံအချိန်တွင် အပူငွေ့ကြောင့် အိုက်စပ်စပ်ဖြစ်ပြီး တရေးနိုးလာသည့်အခိုက် အိပ်ရာပေါ်သို့ လဲလျောင်းကျနေသည့် လအရိပ်ကြောင့် အပူသည် တမုဟုတ်ချင်း ငြိမ်းပျောက်ပြန်လေသည်။ နှလုံးအိမ်တွင် သန္တိသုခသာလျှင် ကျန်ရစ်သည်။

တောင်ပေါ်တွင် ကြုံတွေ့ရသော လပြည့်ညကလည်း တမူထူးကဲစွာ လှပပါ၏။ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင်းရှိ ရေမဲတွင်းရွာတွင် ကြုံတွေ့ခဲ့ရသော တပို့တွဲလပြည့်ညဖြစ်သည်။ တောင်ကမူထိပ်တွင် လေဆည် ဟူးဟူးရားရား မွှေ့နေသည်။ အအေးဓာတ်သည် စိမ့်တိုးလာ၏။ လရောင်အောက်တွင် ရွာကလေးသည် တိတ်ဆိတ်စွာ အိပ်မောကျနေသည်။ တောင်စောင်းတစ်လျှောက် စိုက်ခင်းများကို မထင်မရှား တွေ့ရသည်။ ထိုစဉ်တစ်ခဏ ရှူရှိုက်ရသောလေသည် များစွာ သန့်ရှင်းလတ်ဆတ်၏။ လအလင်းသည်လည်း များစွာ စင်ကြယ်၏။ ထိုမြင်ကွင်းကို တစိမ့်စိမ့်ကြည့်ရင်း သဘာဝအပေါ် တွယ်ငြိသော ဘဝတဏှာကြိုးမျှင်တစ်စ ခပ်တင်းတင်း ရစ်ပတ်မိပြန်လေသည်။ ထို့အတူ မြောက်ဦးတွင် အမှတ်တရရှိခဲ့သော တပေါင်းလပြည့်ည အကြောင်းကိုလည်း ထည့်ပြောရပါလိမ့်မည်။ လရောင်ကို အားပြု၍ သူငယ်ချင်းတစ်သိုက် စက်ဘီးကိုယ်စီနှင့် ဘုရားကြိုဘုရားကြား သွားခဲ့ရသည့် ကာလသည် အလွန်ပေါ့ပါးပျော်ရွှင်စရာ ဖြစ်ခဲ့သည်။ ရယ်မောသံတွေ ဝေစည်ခဲ့ရသော အခိုက်အတန့်ဖြစ်သည်။ လွမ်းစရာကောင်းလှ၏။ လပြည့်ညများကို အေးအေးလူလူ ဖြတ်သန်းဖြစ်သည့်အခါတိုင်း ကြုံခဲ့ဖူးသော ထိုထိုသော လပြည့်ညများကို ပြန်ပြောင်းအောက်မေ့ဖြစ်ပါသည်။

ဆိုရပါလျှင် လရောင်ကြောင့်ပင် ငိုကြွေးခဲ့ရဖူးသည်။ လရောင်ကြောင့်ပင် စိတ်ချမ်းမြေ့ခဲ့ရသည်။ လရောင်ကြောင့်ပင် ခွန်အားရခဲ့ရသည်။ ကျွန်မတို့သည် စန်းလသီတဂူကို ရင်ဖွင့်စရာ၊ တိုင်တည်စရာအဖြစ် မှတ်ယူသည်။ တစ်ခါတစ်ရံ အမှာစေပါးစရာအဖြစ်၊ တစ်ခါတစ်ရံ အတိတ်နှင့် ပစ္စုပ္ပန်အကြား ကြားခံအဖြစ် မြင်တတ်ကြပြန်သည်။ ထင်ရှားသည်မှာ မေတ္တာ၏သင်္ကေတကို ညွှန်းဆိုရာ

mgyoe.com

mgyoe.com SAMPLE BOOK

တွင် လရောင်နှင့်လည်း တင်စားတတ်ကြပြန်သေးသည်။ 'လရိပ်ပိုးမျှင်'သည် မေတ္တာဘွဲ့ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ မေတ္တာတရားသည် အေးမြကြောင်း၊ ငြိမ်းချမ်းကြောင်း၊ လုံခြုံစေကြောင်း အစချီပြီး ရှေးကစ၍ ယခုအချိန်အထိ အပ်ကြောင်းထပ်မတတ် ပုံစံအမျိုးမျိုးဖြင့် ညွှန်းဆိုရေးဖွဲ့ကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် မေတ္တာတရားအကြောင်း ပြောရသည်မှာ ပျင်းစရာကောင်းနေပါသလား။ အလွန် ရှေးဆန်နေပါသလား။ ကျွန်မတော့ ထိုသို့မထင်ပါ။ မေတ္တာတရားသည် မည်သည့်အခါမျှ ရိုးအီမသွားသော တေးသွားတစ်ပုဒ်ဖြစ်သည်။ သောတဆင်ရသူအပေါင်းကို စိမ့်၍စိမ့်၍ ငြိမ်းအေးစေ၏။ ထိုသဘောတရားကို ကိုယ်တိုင်ကိုယ်ကျ ခံစားဖူးသည့်အခါ ပို၍သဘောပေါက်လာရသည်။

ကျွန်မသည် မိမိကိုယ်ကိုယ် စာရေးဆရာဟု ဆိုခြင်းထက် စာရေးသူတစ်ဦးအဖြစ်သာ ခံယူလိုပါသည်။ စာရေးသူသည် ဇာတ်ကြောင်း ပြောပြသူနှင့် အလားသဏ္ဌာန်တူသည်ဟု ထင်ပါသည်။ ဇာတ်လမ်းကို နားထောင်ချင်စဖွယ် ဖန်တီးရသည်။ ထို့နောက် ပရိသတ်ကို ပြောပြရသည်။ ထိုသို့ ပြောပြသည့်အခါ ဇာတ်ကြောင်းတစ်ခုတည်း သပ်သပ်ဖြင့် အနုပညာမမည်ဟု မြင်သည်။ မွေးသည်၊ ကြီးပြင်းသည်၊ ဒုက္ခရောက်သည်၊ တွေ့သည်၊ ကြိုက်သည်၊ ချစ်သည်၊ ပေါင်းသည် (သို့မဟုတ်) ကွဲကွာသည်၊ ဝမ်းနည်းသည်၊ ဝမ်းသာသည်ဆိုသည်မှာ အကြောင်းအရာမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်ရှင်တွင် ဒိုင်ယာလော့ခ်များ၊ အလင်းအမှောင်၊ နောက်ခံတေးဂီတ၊ ဓာတ်ပုံအပြင် အဖြတ်အတောက် တည်းဖြတ်မှုပညာဖြင့်လည်း ပရိသတ်ကို ဖမ်းစားရပါသည်။ ထို့အတူ ရေဒီယိုဇာတ်လမ်းများတွင် အသံဖြင့် သရုပ်ဆောင်သူ၊ ပုံပြောသူတို့အတွက်မူ ပရိသတ်၏အာရုံကို ဆွဲခေါ်နိုင်ရန် အသံ အနိမ့်အမြင့် အတက်အကျ ဖန်တီးမှုသည် အခရာဖြစ်သည်။

စာရေးသည့်အခါတွင်မူ အရေးအဖွဲ့နှင့် စကားလုံး ရွေးချယ်အသုံးပြုမှုအပေါ် ပို၍အားစိုက်ရသည်ဟု ကျွန်မ နားလည်ထားပါသည်။ အထူးသဖြင့် ကျွန်မ၏ 'လရိပ်ပိုးမျှင်'ဝတ္ထုသည် အကြောင်းအရာနှင့် ပရိသတ်ကို ဖမ်းစား၍ မရနိုင်ပါ။ နောက်ကြောင်းပြန်ဇာတ်လမ်းဖြစ်၍ ဘာဖြစ်လိမ့်မလဲဆိုပြီး သိချင်စိတ်ဖြင့် ပရိသတ်ကို ဆွဲမခေါ်ထားနိုင်ပါ။ ဘာဖြစ်ထားပါတယ်ဟု ရှေ့တွင် ရေးပြီးဖြစ်၍ ဘယ်လိုဖြစ်ခဲ့သည်ဟု ပုံဖော်ရာတွင် အရေးအဖွဲ့ကို ပိုမိုအားပြုရသည်။ ထိုသည်ကား ဝတ္ထုရှည်ရေးခါစ အသစ်တစ်ယောက်အတွက် အခက်ခဲဆုံးဖြစ်ပါသည်။ စာရေးဆရာအဆင့်သို့ ရောက်စေရန် စာပေခရီးလမ်းပေါ်တွင် တရွေ့ရွေ့လှမ်းရင်း

mgyoe.com

mgyoe.com

ဝမ်းစာဖြည့်ရပါဦးမည်။ သည်စာအုပ်တွင် မည်မျှအထိ ခရီးပေါက်နိုင်ခဲ့သည်ကို တော့ စာဖတ်ပရိသတ်များကသာ ဆုံးဖြတ်စေလိုပါသည်။

ဝတ္ထုရေးနည်းနှင့်ပတ်သက်ပြီး စာအုပ်တချို့ ဖတ်ဖူးသော်လည်း မှတ်မှတ်သားသား မရှိခဲ့ပါ။ အကြောင်းကား ကျွန်မသည် ဘောင်တွေ၊ နည်းနာတွေကို ကြောက်ရွံ့သူဖြစ်သောကြောင့် ဖြစ်ပါသည်။ ထို့အတူ သည်စာအုပ်ကနေ မည်သို့သော သတင်းစကား (message) ပေးလိုပါသနည်းဟု မေးလာလျှင်လည်း ဖြေတတ်လိမ့်မည်မဟုတ်ပါ။ သတင်းစကားပေးသည်ဟူသော အသုံးသည် ကျွန်မအတွက် မြင့်မားလွန်းနေပါသည်။ မိမိကိုယ်မိမိ စာဖတ်ပရိသတ်အပေါ် သတင်းစကားပေးနိုင်သူအဖြစ် မခံယူဝံ့သလို သည်ဝတ္ထုဇာတ်လမ်းကို ဖတ်လျှင် မည်သို့သော သတင်းစကားရမည်ဟူ၍လည်း ကန့်သတ်မထားလိုပါ။ နောက်ခံအကြောင်းအရာ အမျိုးမျိုးဖြင့် ဘဝကို ဖြတ်သန်းလာသူတို့ သူတို့ရှုထောင့်နှင့်သူတို့ ခံစားစေချင်ပါသည်။

သို့သော် သတင်းစကားဆိုသည်ထက် ခံစားချက် ဝတ်မှုန်ကူးပေးလိုသည့် အကြောင်းအရာဟူ၍ မေးခွန်းထုတ်လာလျှင်တော့ အဖြေပေးစရာရှိပါသည်။ သည်ဝတ္ထုကတစ်ဆင့် ခံစားချက်ဝေမျှလိုသည်က အထက်တွင်ရေးခဲ့သလို မေတ္တာတရားအကြောင်း ဖြစ်ပါသည်။ ဘဝအသစ်တစ်ဖန် ပြန်လည်တည်ဆောက်လိုသဖြင့် မည်သို့ပင် ကြိုးစားပါစေ သတိလက်လွတ်ဖြစ်သည့် တစ်ခဏတွင် သိမ်ငယ်စိတ်သည် ရှန်းကြွလာတတ်သည်။ စိတ်ဒဏ်ရာသည် ကုစားရန် ခက်လှသည်။ သည်အကြောင်းကိုသာလျှင် ကျွန်မ ပြောချင်ပါသည်။ ဝတ္ထုနောက်ခံအဖြစ် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခိုက်ပြီးကာလကို ဦးတည်ထားပါသည်။ သည်ဝတ္ထုတွင် မုန်တိုင်းပြန်လည်ထူထောင်ရေး ကာလတွင် ကြုံတွေ့ရသော အခက်အခဲများကို ရေးဖွဲ့ထားသော်လည်း မည်သည့်အဖွဲ့အစည်းကိုမှ ရည်ရွယ်လိုခြင်း မရှိပါ။ အဖွဲ့အစည်းတစ်ခုခုနှင့် အထူးသက်ဆိုင်ခြင်းမျိုးလည်း မရှိပါ။ ထို့အတူ ဇာတ်လမ်းတွင် ပါဝင်သော 'ကရုဏာတော်'ကျောင်းကို စိတ်ကူးနှင့် ဖန်တီးရန် မေရီချက်ပ်မင်းကျောင်းကို လေ့လာခဲ့သည်မှအပ ကရုဏာတော်၊ အမိုးနှင့် နော်အဲမူ တို့သည် ကျွန်မ၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုသက်သက်သာ ဖြစ်ပါသည်။

မေတ္တာတရားအကြောင်း ဖွဲ့ဆိုသော ဝတ္ထုတွင် မေတ္တာနှင့် ဝိုင်းဝန်းကြသူများ အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါသည်။ ထုတ်ဝေသူနှင့် စီစဉ်ပေးသူများဖြစ်ကြသော ဆရာမဒေါ်ဝင်းဝင်းမေ (VEC ပညာ့ရိပ်သာ)၊ အန်တီဝိုင်း

mgyoe.com SAMPLE BOOK

(ကုံကော်ဝတ်ရည်)၊ အမှာစာ ချီးမြှင့်ပေးကြသော ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ) နှင့် ဆရာမ ခင်မြဇင်၊ မေရီချက်ပ်မင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်း၊ ကျွန်မနှင့်အတူ နာဂစ်ပြန်လည်ထူထောင်ရေးစီမံကိန်းတွင် အတူတကွ အလုပ်လုပ်ခဲ့ကြသော ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ လုပ်ဖော်ကိုင်ဖက်များ၊ လိုအပ်သော အချက်အလက်များကို ပံ့ပိုးပေးသူများ၊ အန်တီမေကြည်နှင့်အတူ သည်ဝတ္ထုမူကြမ်းအဆင့်တွင် ကူညီဖတ်ရှု အကြံပေးခဲ့သူများ၊ စိတ်ဓာတ်ခွန်အားပေးခဲ့သော မိတ်ဆွေများနှင့် မိသားစုဝင်များကို နှလုံးသားတွင် ကမ္ပည်းတင်ပါ၏။

လရောင်နှင့်အတူ ခရီးကို စတင်လိုက်ပါပြီ။
မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။
မေတ္တာကို လက်ဆင့်ကမ်းလိုက်ပါသည်။
ကြားနိုင်၊ မြင်နိုင်၊ ခံစားနိုင်ပါစေသတည်း။

ချစ်ခင်စွာဖြင့်

သော်တာအေးလှဲ

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

မေ ၄၊ ၂၀၁၆။

မမရေ. . .

ဒီနေ့လည်း မမဆီကို စာရေးဖို့ အကြောင်းဖန်လာပြန်တယ်။

မမကို လွမ်းလို့ ရှယ်လီ ပျိုးခဲ့တဲ့ ဇီဇဝါပန်းပင်ကနေ ပထမဆုံး အပွင့်ကို ဒီနေ့ စမြင်ရတယ်လေ။

ဖွေးဖွေးလတ်လတ် ပန်းကလေးကို ကြည့်ပြီး မမ ဆိုခဲ့ဖူးတဲ့ စကားအချို့ကိုလည်း အမှတ်ရမိပြန်ရောပေ့ါ။ ဇီဇဝါပင်ဟာ ပန်းချစ်သူတွေကို အင်မတန် ညှာတာတတ်သတဲ့။ ဘာလို့လဲဆိုတော့ စိုက်ရပျိုးရတာမှာ မြေလည်းမရွေး၊ အကြမ်းလည်းခံတဲ့အပြင် နွမ်းဖပ်ဝါကြင်လာသည့်တိုင်အောင် သူ့ရနံ့ကို သင်းပျံ့ပျံ့ ထိန်းထားနိုင်ဆဲ ဆိုတာလေ။

မမရော မှတ်မိသေးတယ် မဟုတ်လား။

ရှယ်လီတို့ လပွတ္တာမှာ နေတုန်းက အဆောင်ဘေးက ဇီဇဝါအပင် အစုလိုက်ဟာ နွေနှောင်းကာလ မိုးကျချိန်ဆိုရင် ပွင့်တတ်ပြီနော်။ မမဟာ အကြီးဆုံး အပွင့်ကို ရွေးပြီး ဆူးယူတတ်တယ်ဆိုတာ ရှယ်လီ သတိရနေဆဲပဲ။ တစ်ပွင့်တည်းသော ဇီဇဝါကို ဆံယဉ်ထက်မှာ အရွက်စိမ်းနဲ့ အခက်လိုက် မမ ပန်ထားတတ်ပုံက သိပ်ယဉ်တာပဲရယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ရှယ်လီရဲ့ ပထမဆုံးသော ဇီဇဝါပွင့်တွေကို မမ တွေ့ရင်လည်း ကြိုက်မှာပါ။ ပွင့်ဖတ်ဖားဖားတွေဘေးက ရံလို့ အလယ်မှာတော့ အထပ်ထပ်နဲ့ အလွှာလိုက် စုရုံးသွားတဲ့ ပန်းကလေးဟာ နှင်းဆီလောက်၊ စံပယ်လောက်တော့ နာမည်မကြီးရှာဘူးပေါ့။ ဒါပေမဲ့ တစ်ပွင့်တည်းမှာတင် ပန်းရဲ့ အပွင့်သဏ္ဌာန်နဲ့ အဆုံးသဏ္ဌာန်ကို တစ်ပြိုင်နက်တည်း မြင်နိုင်တဲ့ ဇီဇဝါကို မမက မြအနားသတ်တဲ့ ငွေအဆင်ရယ်လို့ တင်စားတတ်သေးတယ် မဟုတ်လား။

အဲဒီတုန်းကတော့ မမအတွေးက သိပ်ယဉ်တာပဲလို့ ရှယ်လီ တွေးမိသေးတယ်။ အခုတော့ လွမ်းစရာပဲပေါ့ မမရယ်။

ညနေက ကလေးတစ်ယောက်က ရှယ်လီအတွက် ပန်းအိုးထိုးပေးဖို့ဆိုပြီး ခူးမယ်ပြင်တယ်။ တော်သေးတာပေါ့၊ ချက်ချင်း တွေ့လိုက်မိလို့ ရှယ်လီ တားလိုက်တယ်။

အကြောတွေပါ မြင်သာတဲ့ စိမ်းညိုရင့်အရွက်တွေကြားမှာ ပန်းကလေးသူ့ဘာသာ လှနေပါစေ မမရယ်။ ဟုတ်တယ်ဟုတ်လား ဟင်။ ရှယ်လီ ပြောတာသဘာဝကျတယ် မဟုတ်လား။ မမရဲ့ ညီမလေး စိတ်ထားတတ်လာပြီလို့ ဆိုမှာလား။ ပြီးတော့ ဒီလိုဆိုလိုက်ရင် အရင်တုန်းကလိုပဲ ရှယ်လီကို ပြုံးပြီး ကြည့်နေဦးမှာလား။

အချိန်တွေဟာ ကုန်မြန်လွန်းလှတယ်နော်။ ရှယ်လီရဲ့ စာကို ဖတ်ရရင်မမ မပြုံးမိရင်တောင် မျက်မှောင်မကြုတ်ပါစေနဲ့လို့ ဆုတောင်းပါတယ်။

ခုတစ်လော ကလေးတွေနဲ့ပတ်သက်ပြီး စိတ်ရှုပ်ထွေးနေရတယ်။ အတန်းကြီးလာတဲ့ ကလေးတွေ စာမလိုက်နိုင်ကြတာရော။ ဒီကြားထဲ ဆွီးဆွီးကို သူ့အမေက ပြန်ခေါ်သွားတာရောကြောင့် စိတ်ညစ်ညူးရပြန်တယ်။ ကလေးက ပြန်မလိုက်ချင်မှန်း ရှယ်လီ သိတာပေါ့။ ဒါပေမဲ့ သူ့အမေက တောင်ယာအတွက် လူလိုတယ်တဲ့။

သူတို့လို ကလေးတွေ မပြောနဲ့။ သူလို ကိုယ်လို သန့်စွမ်းတဲ့ အခြားကလေးတွေတောင် စာတတ်လို့လည်း ရွာမှာ အလုပ်မရှိကြဘူး။ လူငယ်လူရွယ်မှန်ရင် အဝေးသွားကြတာပဲတဲ့။

ဒါပေမဲ့ ဆွီးဆွီးကလေးက ဒီကျောင်းမှာပဲ နေချင်သေးတယ်လို့ သူ့မျက်ဝန်းကနေတစ်ဆင့် ဆိုလိုက်တဲ့စကားကို ရှယ်လီ နှလုံးသားနဲ့ ကြားနေရတော့ဖြစ်နိုင်ရင် ပြန်မထည့်ချင်ဘူးပေါ့။ နောက်ဆုံးတော့လည်း ကိုယ်မှမပိုင်တာပဲလေ

mgyoe.com

လို့ စိတ်လျှော့ပြီး ကလေးကို ပြန်ထည့်လိုက်ရတယ်။

တကယ်ဆို ဆွီးဆွီးကလေးဟာ ဒီနှစ် သုံးတန်းတက်မှာ။ လူကသာ ဆယ့်နှစ်နှစ်ရှိနေပြီ။ ဘာပဲဖြစ်ဖြစ် ဒီလောက်အထိ သူ ရေးတတ်၊ ဖတ်တတ်နိုင်သွားတာကိုပဲ ဝမ်းသာလှပါပြီ။

သူ့အမေက ကလေးကို လာခေါ်မယ်လို့ ကြိုဖုန်းဆက်ထားပေမယ့် အန္နးကလည်း ကလေးကို မပြောနဲ့ဦးလို့ တားတယ်။ အဲဒါ မနေ့က လာခေါ်ကြတော့ သားအမိနှစ်ယောက် အန္နးနဲ့ ရှယ်လီကို ၄ုက်ပျောနှစ်ခိုင်နဲ့ ကန်တော့ပြီး ပြန်သွားကြရော။

ဆွီးဆွီးကလေး မျက်ရည်ကျတော့ သူ့ကို အနီးကပ် စာသင်ပေးခဲ့တဲ့ ရှယ်လီ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။ သူ့လက်နှစ်ဖက်ကို ရှယ်လီက တင်းတင်းဆုပ်ကိုင်ပြီး အားပေးတော့ သူက ပြန်ပြီး လက်မ ထောင်ပြတယ်။ ရှယ်လီတို့တွေကြားက ဆက်သွယ်ရေးဆိုတာ လက်ဟန်ခြေဟန်ကစလို့ နှုတ်ခမ်းလှုပ်ပုံအဆုံး ပေါင်းစပ်ပြီးမှ အဓိပ္ပာယ်ဖော်ရတော့ ကလေးတွေဟာ တစ်ပါးသူရဲ့ မျက်နှာရိပ်မျက်နှာကဲကို သိပ်သိတတ်တာပဲ။

အတူတူပါပဲလေ။ ရှယ်လီတို့ကလည်း သူတို့ ဘာဖြစ်နေတယ်၊ ဘာဖြစ်ခဲ့တယ်၊ ဘာလုပ်ချင်တယ်ဆိုတာတွေကို မျက်နှာကြည့်ပြီး ဖတ်ရလွန်းလို့ ကြာရင် အင်္ဂါရုပ်အတပ်ပဟောတောင် လုပ်လို့ရနေပြီ။

တစ်ခုကလည်း အတိမ်းအစောင်းခံလို့ မဖြစ်ပြန်ဘူး။ သူတို့ကလေးတွေဟာ အမြင်အာရုံကို အဓိက ထားနေရသူတွေဆိုတော့ ကိုယ်တွေက အမူအရာပျက်တာဖြစ်ဖြစ်၊ တမင် ဟန်ဆောင်ဖုံးကွယ်တာမျိုးမှာပဲဖြစ်ဖြစ် လှစ်နေအောင် သိတယ်။ အဲဒီလိုအခါမျိုးမှာ သူတို့တွေနဲ့ ဆက်ဆံရင် ငြူစူတာမျိုး၊ ဘက်လိုက်တာမျိုး မဖြစ်အောင် သတိထားရတာပေ့ါ။

အန္နးကတော့ ပြောပါတယ်။ ရှယ်လီဟာ ကလေးတွေနဲ့ ဆက်ဆံရေးအပိုင်း၊ သင်ကြားရေးအပိုင်းမှာ ဒီကျောင်းကို ရောက်ခါစထက် အများကြီး ချောမွေ့လာထယ်တဲ့။ အထူးသဖြင့် ဒီနှစ်ပိုင်းမှာပေ့ါ။ ဒါဟာလည်း နော်အဲမူကြောင့်ပါပဲ မမရယ်။

ဘယ်လိုပဲဆိုပါစေ အဲမူနဲ့ ပတ်သက်ရင်တော့ ရှယ်လီ ဘက်လိုက်မိတယ်ဆိုတာ ဝန်ခံပါတယ်။ ပြီးတော့ ရင်မောရတာလည်း အမှန်ပဲ။ နောက်ပြီး နာကျင်မိတယ်။ သူ့အမူအတွက် ခွန်အားရော၊ ငွေကြေးရော ဘယ်လောက်ကုန်ကုန် ရေ

m.gyobe.com

mgyoe.com SAMPLE BOOK

ဆုံး ရေဖျားတိုင်အောင် ရှယ်လီ လိုက်မှာပါ။ မမ ဆုတောင်းပေးနော်။

အဲမှုဟာ မမ်နဲ့ ရှယ်လီတို့ကြားက နွယ်ကြိုးကလေးလို့ ခံစားမိတယ်။ ဒယ်ဒီနဲ့ကတော့ မတွေ့ဖြစ်သလောက်ပါပဲ။ ဒီကျောင်းကို အဲမှုရောက်လာမှ သူ့ကိစ္စတွေနဲ့ လုံးချာလည်လိုက်နေတာနဲ့ပဲ အိမ်ကို မရောက်ဖြစ်သေးဘူး။ သူကတော့ အားတဲ့အချိန် လာခဲ့ဦးလို့ ကြီးကြီးနွယ်ကနေတစ်ဆင့် အမှာပါးပါရဲ့။ ဒါပေမဲ့ အခု အသက်အရွယ်အထိတောင် သားအဖအချင်းချင်းအပေါ်မှာ ဒယ်ဒီ မာန်မချသေးတာကို ရှယ်လီ ဝမ်းနည်းလို့မဆုံးဘူး။

ကိုနော်မြနဲ့ ပတ်သက်တဲ့အကြောင်းကိုတော့ ခုထက်ထိ ရှယ်လီ ရေးဖို့ အင်အားမရှိသေးဘူး။ တခြားကြောင့် မဟုတ်ပါဘူး။ ပြန်မတွေးချင်သေးတာပါ။

ရှယ်လီ ရေးတာတွေ ဟိုရောက်ဒီရောက်ဖြစ်နေလို့ မမ စိတ်ရှုပ်သွားမလားပဲ။ တကယ်မှာက ရင်ထဲမှာ ပြောစရာတွေနဲ့ ပြည့်ကျပ်ညပ်သိပ်နေတယ်။ ရှစ်နှစ်စာ အလွမ်းကိုး မမရယ်။

ဒယ်ဒီအမြင်မှာတော့ ရှယ်လီဟာ ဘာမှ မပြောင်းလဲဘူးတဲ့။ မထူးဆန်းပါဘူးလေ။ သူက ဘယ်တုန်းကမှ ရှယ်လီကို အထင်မကြီးခဲ့တာပဲဟာ။ မမတော့ ရှယ်လီကို မြင်ရင် ဘယ်လိုကောက်ချက်ချဦးမလဲ မသိဘူး။ စိတ်ကူးတွေသာ ယဉ်ရတာပါလေ။ ဒီဘဝတစ်သက်တာမှာ မမကို ပြန်တွေ့ခွင့်ရပါတော့မလားပဲ။ အခု မေလဆန်းပိုင်းဆိုတော့ မမတို့ဆီမှာ ရွှေရောင်ရက်သတ္တဖတ်နဲ့ အားလပ်ရက်တွေ ရနေမှာပေါ့နော်။

မေလ ၅ ရက်နေ့ဟာ ဂျပန်မှာ ကိုဒိုမိုနိုဟီလို့ခေါ်တဲ့ ကလေးသူငယ်များနေ့လို့ ရှယ်လီ စာထဲမှာ ဖတ်ဖူးပါတယ်။ ကောင်းကင်ယံနဲ့ လမ်းအထက်တွေမှာ အရောင်မျိုးစုံနဲ့ ငါးရုပ်တွေ တွဲလောင်းချပြီး ပြထားတယ်တဲ့။ ဒီအချိန်ကျရင် ရော ချယ်ရီတွေ ကျန်သေးသလားဟင် မမ။

ရာသီဥတုကလည်း သာယာနေထိုင်ရတဲ့ ဝန်းကျင်ကလည်း ပညာတတ်အသိုင်းအဝိုင်း၊ ငွေကြေးအတွက်လည်း ပူပန်စရာ မလိုတော့ ဘဝဟာ နေခြည်နုနုအောက်မှာ ပန်းမြိုင်စုံတော့ကို တမေ့တမြော ကြည့်ပြီး သာယောင်သာယာနဲ့ လောကရဲ့ ကောင်းမြတ်ခြင်း အင်္ဂါရပ်တွေအပေါ် မင်္ဂလာပွားယူစရာပဲနော်။

ရှယ်လီတို့ဆီမှာတော့ ပြည့်စုံခြင်းမပြောနဲ့။ တစ်ကိုယ်ရေစာ ကုံလုံခြင်းနဲ့တောင် ဝေးဝေးနေရသူတွေ အများကြီးရှိသေးတယ်။ တစ်ခါတလေ မိုးတွေများ

mgyoe.com

mgyoe.com

*သည်းရင် လပွတ္တာက ကလေးတွေ အမိုးအကာ မလုံမလဲကြားမှာ မုန်တိုင်းတော် လည်းသံကို စိုးတထိတ်ထိတ်နဲ့ နားစွင့်ရင်း ဘယ်လိုများ အိပ်ပျော်နိုင်ကြပါ့မလဲ လို့ တွေးရင်း စိတ်မကောင်းဖြစ်ရတယ်။ မမ အခုနေတဲ့ အရပ်ဒေသက ကလေး တွေနဲ့ ဘဝချင်း ကွာခြားလွန်းလှပါတယ်လေ။*

*ကဲပါလေ ရှယ်လီ့စာလည်း ရှည်နေပြီဆိုတော့ အဆုံးသတ်ပါရစေဦး။ ဒီစာဟာ မမဆီကို ရေးတဲ့ သုံးစောင်မြောက်စာဆိုပေမယ့် အရင်စာတွေလိုပဲ မမ စာပြန်လိမ့်မယ် မဟုတ်ဘူးဆိုတာ ရှယ်လီ သိနှင့်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပြောခွင့် ရနေသမျှ ရှယ်လီ ကျေနပ်ပါတယ်။ ဒီလောက်နဲ့ပဲ တင်းတိမ်တတ်ပါတယ်။ ဒီကမ္ဘာ လောကမှာ မမ ရှိနေသေးတယ်ဆိုတာရယ်။ ရှယ်လီ ထွက်မသွားသေးဘူးဆိုတာ ရယ်ကြောင့် တစ်နေ့နေ့မှာ ပြန်တွေ့ခွင့်ဆိုတာအတွက် ရှယ်လီ အားမလျှော့ပါ ဘူး။*

*ကိုမိုးသားနဲ့ မမလည်း အစစ အရာရာ အဆင်ပြေလိမ့်မယ်လို့ ယုံကြည် ပါတယ်။ မမ သောကကင်းစွာ နိုးထနိုင်ပါစေ။*

*ချစ်တဲ့*
*ရှယ်လီ*

❑

စာအဆုံးသတ်တော့ သည်စာကို ပို့သင့် မပို့သင့် အတန်ကြာ ငိုင်၍ စဉ်းစားမိပြန်သည်။ ယခု ပို့မည့်စာ အပါအဝင် ယခင် စာနှစ်စောင်ကိုရော မမ ဖတ်မှ ဖတ်ပါ့လေစ။ သည်လောက်တော့ ရှယ်လီအပေါ် စိတ်မနာကောင်းစရာ ဟု တွေးမိသော်လည်း မမ အလွန်စိတ်ထက်သည်၊ အမှတ်အစွဲကြီးသည်ကိုလည်း အစတူနေစဉ်ကတည်းက ရိပ်မိခဲ့ပါသည်။

စာထဲတွင် မမ၏ တုံ့ပြန်ချက်ကို ရှယ်လီ မျှော်လင့်နေဆဲဟု ဆိုထား သော်လည်း သည်အိပ်မက်ကား အခိုးအငွေ့ဆန်ပါသည်။ ပေးဆပ်သူနှင့် ရယူသူ အကြားတွင် ပေးခဲ့သောသူသည် ဝန်ထုပ်ဝန်ပိုးမရှိ ပေါ့ပါးစွာ စွန့်ခွာခွင့်ရခဲ့သည်။ ပိုင်ဆိုင်လိုစိတ်ကြီးသူကသာ မနိုင်ရင်ကန် သိမ်းအုပ်ထမ်းပိုးခဲ့သော အရာများစွာ နှင့် ကျိန်စာသင့်ခဲ့ရသည်ပဲ။

ဘဝက တိုသော်လည်း သံသရာက ရှည်သတဲ့။ တစ်ကျော့ပြန်မည့် အချိန်သည် ဝဋ်ကြွေးတစ်ခုဆပ်ရန်အတွက် ဖြစ်ခဲ့မည်ဆိုရင်တောင် ရှယ်လီကာ ကြည်ကြည်ဖြူဖြူ ရှိနှင့်နေသည့် အကြောင်းကိုတော့ မမကို သိစေချင်လှသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရှယ်လီသည် လွှတ်ချလိုက်သော ပင့်သက်များနှင့်အတူ အီးမေးလ်ကို ပို့လိုက်သည်။ ရှယ်လီ့စာကို မမ ဖွင့်ဖတ်သည်ဖြစ်စေ၊ ဖွင့်မဖတ်သည်ဖြစ်စေ သည်နာမည်၊ သည်မေးလ်လိပ်စာကို တွေ့ရုံနှင့် ညီမလေး၏ နာကျင်မှုကိုလည်းကောင်း၊ ညများစွာ တမ်းတတိုင့်တည်သံကိုလည်းကောင်း မမ မှန်းဆနိုင်ပါလိမ့်မည်။ ပြန်လည်စောင်းငဲ့ကြည့်၊ မကြည့်ကတော့ မမ သဘောအတိုင်းသာ။

ရှယ်လီတို့တစ်တွေသည် ကိုယ့်အရှိန်နှင့်ကိုယ် စီးဆင်းနေသော ချောင်းငယ်မျှသာ မဟုတ်လား။ သည်တစ်ကွေ့ မဟုတ်လျှင်တောင် သမုဒ္ဒရာတွင် အဆုံးသတ်ရသည့်အခါ ပျော်ဝင်ခဲ့သည့် ရေပေါက်ကလေးအဖြစ် အချင်းချင်း ရောနှောတိုးဝင်ကြရဦးမည်ပဲ။ အချိန်တို့သည် နောက်ပြန်လှည့်ခွင့်မရှိသောအခါ ရှေ့ကိုသာ မျှော်၍ စောင့်ရုံရှိတော့သည်။

မိုးငွေ့ပါသော လေအေးသည် တဖြည်းဖြည်း ခပ်မြှုံးမြှုံးရှိလာခဲ့ပြီ။ လျှပ်ရောင် ပြိုးပြိုးပြက်ပြက်ကို အမြင်ရစိပ်လာသည်။ အချိန်ကို ကြည့်မိတော့ သန်းခေါင်ယံကျလုလု။ ရှယ်လီသည် အခန်းတွင်း ပြတင်းတံခါးများကို လုံခြုံစွာ ပိတ်ပြီးနောက် အောက်ထပ်သို့ ဆင်းကာ အိပ်ဆောင်များအတွင်း လျှပ်စစ်မီး သေချာပိတ်၊ မပိတ်။ တံခါးများ မင်းတုပ်ချ၊ မချနှင့် ဝရန်တာတွင် အဝတ်များ လှန်းထားမထား ဇစ်စေ့စပ်စပ် စစ်ဆေးခဲ့သည်။ သုံးထပ်မြောက်က ခုနစ်တန်းကျောင်းသူများ အိပ်ဆောင်ရှေ့တွင် လှန်းထားသော တဘက်နှစ်ထည်ကိုလည်း အသာရုပ်၍ အခန်းတံခါးရှေ့က ကုလားထိုင်ပေါ် တွင် ခေါက်လျက် တင်ပေးထားခဲ့သည်။ ငါးထပ်ဆောင်တစ်ခုလုံးကို ညမအိပ်ခင် သည်သို့ အသေးစိတ်ကအစ စစ်ဆေးရသည်မှာ ရှယ်လီအဖို့ ကျင့်သားရနေပါပြီ။

အနူးကတော့ ကျောင်းဝင်း၏ နောက်ဘက်က အဆောင်များနှင့် အမြင်အာရုံချို့တဲ့သူများ နေသည့်အဆောင်ကို အထူးဂရုစိုက် စစ်ဆေးတတ်သည်။

အနူးသည် ဒူးနာတတ်၍ သည်ငါးထပ်ဆောင်၏ အဆောင်မှူးအဖြစ် ရှယ်လီက တာဝန်ယူကာ ဂရုထား ကြပ်မတ်ရသော်လည်း အနူးက စိတ်မထင်လျှင် အထပ်မြင့်ကို မမောမပန်းတက်ကာ လာလည်တတ်သေးသည်။ ကလေးတွေ နေရ အိပ်ရ အဆင်ပြေရဲ့လား။ အချင်းချင်း သင့်မြတ်ကြရဲ့လား။ စာမှန်မှန်ကြည့်ရဲ့လား။ ဆရာမများနှင့် အဆင်ပြေရဲ့လား အစရှိသည်ကို ကိုယ်တိုင် ကျက်မြင်တွေ့ရမှ အနူးက ကျေနပ်လေသည်ကိုး။

mgyoe.com

 mgyoe.com SAMPLE BOOK 

အန္တူး၏ လုံ့လနှင့်၊ မေတ္တာနှင့်ယှဉ်လျှင် ရှယ်လီတို့လို လက်ထောက်ဆရာမများ၏ ပေးဆပ်မှုကား သေးငယ်လွန်းပါသည်။

အင်း. . . ပေးဆပ်မှုလည်း မဟုတ်သေးပါဘူး။ သည်စကားလုံး သုံးရန်မှာ ကြီးကျယ်ခမ်းနားလွန်းလှသည်။ အမှန်မှာ စေတနာကို လက်တွေ့ ထင်သာမြင်သာ ပြနိုင်သော စိတ်ခွန်အားကို ပိုင်ဆိုင်ထားနိုင်မှု အင်အားကောင်းသည် အင်အားလျော့နည်းသည်ဟုဆိုခြင်းက ပိုမှန်လိမ့်မည် ထင်ပါသည်။

မိုးသံသည် လေသံထက် ပို၍ ပြင်းထန်ကျယ်လောင်လာသောအခါ ရှယ်လီလည်း အခန်းမီးကို မှိတ်ကာ အိပ်ရာဝင်ခဲ့သည်။ မိုးခြိမ်းသံကို ဘယ်သောအခါတုန်းကမျှ မကြောက်တတ်ခဲ့။ ဒါကလည်း ကြီးကြီးနွယ်က ရှယ်လီ ကလေးဘဝကတည်းက မိုးရွာခါနီး လျှပ်စီးလက်၍ မိုးခြိမ်းလျှင် နတ်ပြည်တွင် ဒစ်စကိုကနေကြပြီဟု ရွှတ်နောက်နောက်ပြောကာ အကြောက်ဖြေပေးခဲ့သောကြောင့်ဖြစ်သည်။ ကြီးကြီးနွယ် သည်သို့မပြောလျှင်တောင် အသေးအမွှား အရာများအတွက် အသည်းမငယ်တတ်စေရန် ရှယ်လီဘာသာ ကိုယ့်ကိုယ်ကိုယ် ရှာကြံနှစ်သိမ့်ရမည်ပင်။ ရွေးချယ်ခွင့်တို့သည် အမြဲတစေ အဆင်သင့်မရှိတတ်သဖြင့် ကယ်ပေါက်တစ်ခု ကြိုတင်ဖန်တီးထားသင့်ကြောင်း အသိကို ငယ်စဉ်ကတည်းက သင်ယူခဲ့ရသည်လေ။

တအုန်းအုန်း မြည်ဟည်းနေသော မိုးသံကြားမှာပင် ရှယ်လီ အိပ်မောကျခဲ့ရသည်။ နာရီ မိနစ် မည်မျှ ခရီးပေါက်ခဲ့ပြီးသည် မသိ။ တံခါးကို တဒုန်းဒုန်း ထုသော အသံကြောင့် နိုးလာခဲ့ရသည်။ စိတ်ထင်တာက မိုးသံလားပေါ့။ မဟုတ်ခဲ့။ အခန်းအပြင်ဘက်ကနေ တစ်စုံတစ်ဦးက အရေးတကြီး ထုနှက်နေသော အသံ။

"ဆရာမ. . . ဆရာမရေ. . . ထပါဦး၊ နော်အဲမူ အောက်ကို ခုန်ချဖို့ လုပ်နေတယ် ဆရာမ"

အိပ်မောကျချိန်တွင် ရုတ်တရက် အနှိုးခံလိုက်ရ၍ အသိစိတ် လွတ်နေသကဲ့သို့ ဖြစ်နေရာမှ 'နော်အဲမူ'ဆိုသော အမည်တစ်ခုရယ်ကြောင့် ခုတင်ပေါ်ကနေ တံခါးဝဆီသို့ မည်သို့ရောက်သွားမှန်းမသိ။

"လုပ်ပါဦး ဆရာမ၊ အဲမူ အရမ်းသောင်းကျန်းနေတယ်"

ရှယ်လီသည် လှေကားထစ်များကို အဆင့်ကျော်လွှားကာ ဟပ်ထိုးလဲကျတော့မတတ် တအားကျုံး၍ ပြေးလာခဲ့ရသည်။ သူနာထဲတွင် 'အဲမူ' 'အဲမူ'ဆိုသော

mgyoe.com

အသံများ ညံနေသည်။ အောက်ထပ်ကိုရောက်တော့ အခန်းတော်တော်များများ က အဆောင်သူနှင့် ဆရာမများ နိုးနှင့်နေကြပြီ။ ဆရာမစိုးစိုးက ရှယ်လီကို ‘အရေးပေါ်လှေကားဘက်မှာ’ဟု အော်လျက် လက်ညှိုးထိုး ညွှန်ပြပြန်သည်။

ဇောနှင့်ပြေးနေသော ရှယ်လီသည် စူးခနဲ ခြေဖဝါးက ထိုးအောင့်သွား သော ဒဏ်ကြောင့် ငုံ့ကြည့်လိုက်တော့ ဖိနပ်မပါ ခြေဗလာနှင့် ပြေးခဲ့ရသော ဖဝါး ပြင်သည် မှန်ကွဲစအပေါ် ကိုမှ တည့်တည့်နင်းခဲ့မိသည်ကိုး။

နော်အဲမူ ရနေသော အခန်း ၃၀၃ ပြတင်းတံခါးမှန်များ ကွဲကြေလျက် ရှိသည်ကို လျှပ်တစ်ပြက် ဝေ့ကြည့်ခဲ့သော မြင်ကွင်းတွင် သတိပြုမိလိုက်ကတည်း က လွန်ခဲ့သော မိနစ်ပိုင်းက ဖြစ်ပွားခဲ့သော အခြေအနေကို မှန်းဆနိုင်လေပြီ။

အရေးပေါ် ထွက်ပေါက် လှေကားသည် မိုးရေတို့ကြောင့် ချော့ကျိုနေ သည်။ မြေပြင်ပေါ်က လူအုပ်ဆီက တားဆီးသံ။ အော်ဟစ်သံတို့နှင့် ဆူညံနေ သော်လည်း နော်အဲမူအတွက်မူ ဆိတ်ငြိမ်သောအရပ်သို့ ရောက်နေသည်နှင့် မခြား ပေ။ အေးအေးလူလူပင် သူက တတိယအထပ် လှေကားအဆုံး ဝရန်တာလက်ရန်း ပေါ် နောက်ပြန်ထိုင်လျက် ရှိသည်။

သည်အနေအထားနှင့် တွေ့တွေ့ချင်း ရှယ်လီ အသက်အောင့်လိုက်မိ သည်။ အဲမူထံသို့ ပြေးသွားလို့ မဖြစ်ကြောင်းလည်း သူ့ကိုယ်သူ သတိပေးလိုက် သည်။ မဟုတ်လျှင် အဲမူက စိတ်ဖောက်ပြီး ပက်လက်လှန်ချလိုက်ပါက နောက်ပြန် အနေအထားနှင့်ပင် အောက်သို့ ပြုတ်ကျကာ သေပွဲဝင်ရလိမ့်မည်။

ရှယ်လီသည် ရှေ့သို့ တရွေ့ရွေ့တိုးသည်။ ‘အဲမူ’ဟု သူခေါ် လိုက်သည်။ မောဟိုက်တုန်ယင်နေသောကြောင့် ‘အဲမူ’ဟူသော သူ့ခေါ် သံသည် လေသံမျှသာ ရှိသည်။ သို့သော် နှုတ်ခမ်းလှုပ်ရှားမှုဖြင့်ပင် အရိပ်အကဲကို သိနိုင်သော အဲမူသည် ရှယ်လီရင်တွင်းက ခေါ် သံကို ကြားနိုင်စွမ်းရှိပါသည်။

“အဲမူ”

ဒုတိယအကြိမ် ခေါ် လိုက်ပြန်သည်။ အဲမူက ခံစားချက်ကင်းသော မျက်နှာသေနှင့် မျက်တောင်မခတ်ဘဲ သူ့ကို ကြည့်နေသည်။ အကဲခတ်နေသည့် ပုံမျိုး။

အသိစိတ်လွတ်နေသော အဲမူသည် သူ့ကိုယ်သူ ဘာလုပ်လို့ လုပ်မိနေ မှန်း မသိ။ ပျောက်ဆုံးနေဟန်ရှိသည်။ ရှယ်လီက ခပ်သွက်သွက် နှစ်လှမ်းခ ေ ြက် တိုးလိုက်တော့ အဲမူကလည်း အသိဝင်လာသကဲ့သို့ရှိပြီး နောက်ပြန်ထိုင်နေရာက

mgyoe.com SAMPLE BOOK

သူ့ခြေထောက်တစ်ဖက်ကို ဝရန်တာအပြင်သို့ ထုတ်လိုက်သည်။ ခွထိုင်သော ပုံသဏ္ဍာန်မို့ ပက်လက်လန်ကျဖို့ရာ ဖြစ်နိုင်ခြေ နည်းသွားသော်လည်း နောက်ထပ် ခြေထောက်တစ်ဖက်ကို ဆွဲယူ၍ ခုန်ချရန် အသင့်ဖြစ်စေသော အနေအထားသို့ ကူးပြောင်းသွားစေသည်။

ရှေ့သို့ နောက်တစ်လှမ်းတိုးနေရင်းက ခြေဖဝါးက တဆစ်ဆစ် နာလာသောကြောင့် ငုံ့ကြည့်မိသည်။ ရှယ်လီ့ခန္ဓာကိုယ်မှ ယိုစီးခဲ့သော သွေးစီးကြောင်းကို လှေကားတစ်လျှောက် မြင်ရသည်။ တချို့နေရာတွင် သွေးစက်တို့သည် မိုးရေနှင့် ရောလျက်။ သည်တော့မှ နာကျင်ရကောင်းမှန်း သတိရမိသည်။ သို့သော် မြင်ပဒဏ်ရာသည် ရင်တွင်းက စိုးရိမ်ပူပန်မှုနှင့်စာလျှင်တော့ အပယိကမျှသာ။

ရှယ်လီက ခြေထောက်မှ ဒဏ်ရာကို ငုံ့ကြည့်တော့ အဲမူကလည်း မျက်လုံးလိုက်ရွေ့သည်။ ထို့နောက် သူ့လက်ဖဝါးနှစ်ဖက်ကို ပြန်ကြည့်တော့. . . အို. . . သူ့လက်မှာလည်း သွေးခြင်းခြင်းနီလို့ပါလား။

ထိုစဉ် တစ်ခဏ သူ ငိုင်သွားသည့် အခိုက်အတန့်ကလေးကို အခွင့်ကောင်းယူ၍ ရှယ်လီသည် သူ့ကို ပြေးဖက်လိုက်သည်။ မလွတ်စတမ်း တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

အဲမူက ရုန်းသည်။ သူ့လက်နှင့် ရှယ်လီ့ ဆံပင်များကို ဆွဲဆုပ်ဆောင့်ယူသည်။ မျက်နှာကို လက်သည်းနှင့် ကုတ်ပြန်သေးသည်။ ပြီးတော့ လှိုက်၍လှိုက်၍ ငိုသည်။ ရှယ်လီက သူ့ကို မခွာ။ ကော်နှင့်ကပ်သည်ထက်ပင် စေ့ကပ်နေအောင် မြဲမြဲမြံမြံ ပွေ့ပိုက်ထားသည်။

ကျန်ဆရာများ အပြေးအလွှား ရောက်လာကာ အဲမူကို အုတ်လက်ရန်းပေါ်ကနေ ဆွဲချကြသည်။ ထိုအခြင်းရာများသည် စက္ကန့်အပိုင်းအခြားအတွင်း တဖျပ်ဖျပ် ဖြစ်ပွားခဲ့ပါသည်။ အဆုံးသတ်တော့ ရုန်းရင်းကန်ရင်းနှင့်ပင် အဲမူကို သူ့အခန်းဆီသို့ ပြန်လည်ခေါ်ဆောင်သွားနိုင်ခဲ့ပြီး ရှယ်လီကတော့ ဖရိုဖရဲ ကျန်ခဲ့ရသည်။

အဲမူ အခန်းဆီသို့ ရှယ်လီ အားယူ၍ လျှောက်လာတော့ အခန်းအပေါက်ဝသို့ ရောက်နှင့်နေသော အနူးကို တွေ့ရသည်။ တင်းမာနေသော မျက်နှာထားနှင့် မဟုတ်သော်လည်း အနူးမှာ စိတ်မသက်မသာဟန် ပေါက်နေပါသည်။

"ရှယ်လီ ခြေထောက်က ဒဏ်ရာကို ဆေးထည့်ပါ. . . ပြီးရင် အနူးဆီ ခဏလာခဲ့ဦး"

mgyoe.com

mgyoe.com SAMPLE BOOK

အနူး ထွက်သွားတော့ ရှယ်လီ ဟိုက်၍ ကျန်ခဲ့သည်။ အပြစ်သား တစ်ယောက်လို စိတ်မလုံလဲမှုကိုလည်း ခံစားရလေသည်။ ရှယ်လီ၏ သတိလစ် ဟင်းမှုနှင့် အဲမူ၏ စိတ်ဖောက်ပြန်မှု တိုက်ဆိုင်သွားသည့် ရေတစ်ပွက်စာမျှ ကာလ တွင် ဘာမဆိုဖြစ်သွားနိုင်သည်ပဲ။ သူမျက်စိအောက်တွင် ထားရှိပါလျက် လမ်းဆုံး ကို လှမ်းနေသော အဲမူကို မတားဆီးနိုင်ခဲ့လျှင် တစ်သက်တာ ဖြေဆည်ရာရတော့ မည် မဟုတ်ပေ။

ခဏကြာတော့ ဆရာမစိုးစိုးက ကလေးတစ်ယောက်နှင့်အတူ ရှေးဦး သူနာပြု ဆေးသေတ္တာကလေးနှင့် ရောက်လာသည်။ ရှယ်လီသည် အနားရှိ ကုလား ထိုင်ပေါ်သို့ ဖြည်းဖြည်းညင်းညင်း ထိုင်ချလိုက်သည်။

"မစိုး၊ အဲမူ အခြေအနေ ဘယ်လိုနေသေးလဲဟင်"

"ဝိုင်းပြီး ချုပ်ထားရတုန်းပဲ၊ ဒေါက်တာမြင့်သန်းကိုလည်း အခုပဲ ဖုန်း ဆက်ပြီး ခေါ်ထားတယ်။ သူလာမယ်လို့ ပြောတယ်"

"ဖြစ်ပါ့မလား မစိုးရယ်၊ ညကြီးမင်းကြီး ဆရာ့ကို အားနာစရာ"

"ဆရာကတော့ လာမယ်လို့ ပြောတာပဲ ရှယ်လီရယ်၊ ဆရာက အချိန် မရွေး ခေါ်ပါလို့ ပြောထားလို့၊ အခုလည်း အခြေအနေက ရှယ်လီမြင်တဲ့အတိုင်း ပဲ၊ အဲဒါကြောင့် လှမ်းခေါ်လိုက်တာ၊ သူ့အိမ်ကလည်း သိပ်မဝေးပါဘူး"

ကလေးမကလေးက မှန်ကွဲရှသော နေရာကို ရေနှင့် သေချာဆေးပေး သည်။ ထို့နောက် ဘီတာဒင်း ထည့်ကာ ဒဏ်ရာကို လုံအောင် ပတ်တီးစည်းပေး ၏။ ပြန့်ကျဲနေသော ဆံနွယ်များကို ပြန်၍ စုစည်းနေရင်းက ညာဘက်ပါးက နာ လာမှန်း သတိထားမိသည်။ ရှိပါစေတော့။

ကားမီးရောင်ကို လှစ်ခနဲ မြင်လိုက်ရ၍ လှမ်းမျှော်ကြည့်လိုက်တော့ အန်ကယ် ဒေါက်တာမြင့်သန်း ရောက်လာပြီဟု သိလိုက်ရသည်။ ရှယ်လီလည်း အနူး အခန်းရှိရာ နောက်ဘက်ရှိအဆောင်သို့ လျှောက်လာခဲ့သည်။

မီးပွင့်ကလေး မှိန်ပျပျကို မြင်နေရ၍ အနူးသည် မအိပ်သေးဘဲ ရှယ်လီ ကို စောင့်နေမှန်း သိသာသည်။ လေးလံနေသော စိတ်ကြောင့် ရှယ်လီ့ ခန္ဓာကိုယ် သည် စိုစွတ်နေသော မြေပြင်ပျော့အိအိတွင် ပို၍ နစ်ဝင်သွားသယောင် ခံစားမိ သည်။ အနူး သူ့ကို အပြစ်တင်မှာလား။ ဘာမဆို ရင်ဆိုင်ရဲသာ ရှိတော့သည်ပဲ။

"အနူး"

တရုတ်ကတ်မှန် ဟနေသည့်နေရာမှ အတွင်းသို့ ပြူကြည့်ကာ အသံပြု

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်သည်။

"တံခါးစေ့ထားတယ် ရှယ်လီ၊ ဝင်ခဲ့"

အနူး၏ရှေ့မှောက်သို့ ကိုယ်ကိုယ့်၍ ဝင်ခဲ့ပြီးဖြစ်သော်လည်း အတန်ကြာသည်အထိ ခါးကို ကိုင်းထားမိဆဲ။ မော့ကြည့်လိုက်သည့်အခိုက်တွင် မျက်နှာချင်းဆိုင်က နံရံပေါ်တွင် ကတ်ထူအဖြူကို ပလတ်စတစ်လောင်း၍ ကပ်ထားသော စာတန်းကို သတိပြုမိလိုက်သည်။

'မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ် ကင်းလွတ်၏'

(၁ ကော ၁၃း၇-၈)

သည်စာကြောင်းကလေးကို နှလုံးသားနှင့် အထပ်ထပ် ရွတ်ဖတ်မိ၏။ တဖြည်းဖြည်း ပြုံးယောင်သန်းလာသော ရှယ်လီ့မျက်နှာကို အနူးက အကဲခတ်မိသည် ထင်၏။

"သမီး သိပ်ပင်ပန်းသွားပြီလား"

အနူးက သူ့ကို အပြစ်တင် ဆူပူလိမ့်မည်ဟု မှန်းထားသဖြင့် မထင်မှတ်သော အမေးကြောင့် တစ်စုံတစ်ရာ အဖြေပေးရန် ရှယ်လီ ဘဒင် ကြောင်အသွားသည်။

ပုံမှန်လို 'ရှယ်လီ'ဟု ခေါ်လိုက်ခြင်းမဟုတ်ဘဲ 'သမီး'တဲ့။

အပေါ်ယံ သကာဆမ်းထားသော သညာတစ်ခုမှ မဟုတ်ပေပဲ။ ဒါကို တော့ဖြင့် လှိုက်လှိုက်လှဲလှဲ ခံစားမိသည်။

"အခုက ဘယ်လိုဖြစ်သွားတာလဲ၊ သမီး ဘယ်လိုစဉ်းစားထားလဲ"

"ကျန်တဲ့ကလေးတွေ အိပ်ပျော်နေတုန်း အဲမှုဟာ မှန်တံခါးကိုခွဲပြီး အတင်းတိုးထွက်လာခဲ့ဟန် တူပါတယ်။ အခု ဒေါက်တာမြင့်သန်း ရောက်လာပါပြီ"

"မပေါ့သင့်ဘူးပေါ့ သမီးရယ်၊ စိတ်ဒဏ်ရာဆိုတာ ကာလတို ကုစားလို့ ရတာမဟုတ်ဘူး၊ အထူးသဖြင့် အဲမှုလို မိန်းကလေး"

"ဒီညကိစ္စအတွက် ရှယ်လီ တောင်းပန်ပါတယ် အနူးရယ်။ ရှယ်လီ ဂေါ လျော့ခဲ့မိတာပါ။ ခါတိုင်း ရှယ်လီ သူနဲ့အိပ်ပါတယ်။ အခုက အဲမှုလည်း နေသာတယ် ထင်တာရော၊ ဟိုတစ်ပတ်ကပဲ နောက်ထပ် ကျောင်းသူတစ်ယောက် ထပ်ရောက်လာတာရောကြောင့် အပေါ်ထပ်က အခန်းကိုပြောင်းတာ လေးရက်ပဲ ရှိပါသေးတယ်"

"အေးပါလေ၊ တစ်ခန်းတည်း အတူနေကြတဲ့သူတွေကလည်း သူလိုကိုယ်

mgyoe.com

mgyoe.com
လို အကြားအာရုံချို့တဲ့နေသူတွေဆိုတော့ ဘာမှမသိလိုက်၊ မကြားလိုက်ဘူးပေါ့။ တော်သေးတယ်၊ ဂိတ်က ဖိုးစည်က လှမ်းအော်လို့"

ဖိုးစည်သာအကြောင်း မကြားခဲ့လျှင်၊ သို့မဟုတ် သည်ညတွင် မိုးအေးအေးနှင့် တစ်ကျောင်းလုံးသာ အိပ်မော‌ကျနေခဲ့လျှင် အရုဏ်တက်ချိန်တွင် မရှုမလှ သေဆုံးနှင့်သော နော်အဲမူ ရုပ်အလောင်းကိုသာ ရှယ်လီ မြင်ရတော့မပေါ့။

"ညီမလေးရယ်၊ ငါ နောက်တစ်ခါ နင့်ကို ထားမသွားတော့ဘူး သိလား"

သည်အတွေးသည် ကတိလည်း ဖြစ်သည်။ သစ္စာလည်း မည်၏။ မကြာမတင်ကပင် အဲမူကို နင့်နင့်နဲနဲ ပွေ့ဖက်ခဲ့သလို နောင်သောအခါလည်း မည်သည့်အကြောင်းနှင့်မျှ သူ့အတွက် ဆုပ်ကိုင်ထားခဲ့သည့်အရာများကို ဖြေလျှော့ပေးတော့မည် မဟုတ်ပါ။

"သူ့အမှုကိစ္စရော ဘာကြားသေးလဲ ရှယ်လီ"

"ပြီးခဲ့တဲ့သောကြာနေ့က မင်္ဂလာဒုံရဲစခန်းက ထပ်ပြီး ဖုန်းဆက်ပါသေးတယ် အန္တီ၊ ထပ်ပြီး စုံစမ်းစရာရှိလို့ ရေတွင်းကုန်းရွာကို သွားဖို့ရှိတယ်။ ကြားထဲမှာလည်း ရေတွင်းကုန်းကို သူတို့ ရောက်ဖြစ်ပါတယ်တဲ့။ နယ်မြေရဲစခန်းနဲ့လည်း ပူးပေါင်းဆောင်ရွက်နေတယ်လို့ ပြောပါတယ်"

တစ်ခု စိတ်ဖြေစရာရှိသည်က ရှယ်လီတို့သည် နော်အဲမူကို နော်အဲမူဖြစ်သည်ဟု သိခွင့်ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်သာလျှင် မမကိုသာ တိုး၍ တမ်းတစရာ ဖြစ်လာခဲ့သည်။

မမထံသို့ အဲမူ၏အဖြစ်ကို လှမ်း၍ အစီရင်ခံခဲ့သော်လည်း တစ်လုံးတစ်ပါဒမှ မှတ်ချက်မပေးခဲ့။ ရှယ်လီ၏ ပြောကြားချက်ကိုလည်းကောင်း၊ အယူခံကိုလည်းကောင်း မကြားဟန်ပြုရက်ခဲ့သည်။ မမနှင့် အဲမူတို့အကြောင်း တွေးမိတိုင်း သက်ပြင်းချရသည့်အဖြစ်တွေ စိပ်လာခဲ့သည်။

အခန်းကို ပြန်ရောက်တော့ အဲမူ အိပ်မောကျနှင့်ပြီ။ ဆရာဝန်က အိပ်ဆေးတစ်လုံး ထိုးပေးခဲ့သည်။ ဆေးများလည်း ထပ်ပေးသွားခဲ့သည်ဟု မစိုးက ပြော၏။

သည်ည အဲမူအနားက မခွာတော့ဟု ဆုံးဖြတ်လိုက်သည်။ အချိန်ကိုကြည့်တော့ နံနက်သုံးနာရီခွဲလုပြီ။ သွေးစို့နေဆဲ အဲမူ၏လက်ကို မြင်တော့ မိမိခြေထောက်က ဒဏ်ရာထက် ပို၍ စူးအောင့်ရသည်။ သည်ကလေးတစ်ယောက်ကိုတောင် အဖြစ်ရှိအောင် မစောင့်ရှောက်နိုင်ခြင်းဆိုသည့် အတွေးက ရှယ်လီ၏ ကိုယ့်ကိုယ်
mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ် အထင်ကြီးသော အတ္တကို ထိပါးလျက်ရှိသည်။

အဲမူသည် လက်နာနေလျက်ကပင် အိပ်ရာခင်းအစကို လုံးစု၍ ဆုပ်ကိုင်ထားသည်။ သူ့နှုတ်ခမ်းတို့ကိုလည်း တင်းတင်းစေ့လျက်။ မျက်မှောင်ကုတ်လျက် အိပ်ပျော်နေသော ကလေးမကလေးကို သောကကင်းဝေးသော အိပ်စက်ခြင်းတွင် ပျော်မွေ့နေသည်ဆိုသလို မည်သူကမျှ ကဗျာဆန်ဆန် တင်စားလိမ့်မည်မဟုတ်ပါ။

လွန်ခဲ့သောငါးလက အဲမူ ဆေးရုံပေါ်တွင် ဝေဒနာသည်းထန်စဉ်က ခေါင်းတုံးရိတ်ထားခဲ့ရ၍ ယခုအခါ ဆံမွေးကလေးများ ထိုးထိုးထောင်ထောင်ရှိလာလေပြီ။ ရှယ်လီက အဲမူ၏ မျက်နှာနှင့်ဦးခေါင်းကို စေ့စေ့စပ်စပ် ကြည့်ပြန်သည်။ ခေါင်းကဒဏ်ရာ လျော့ပါးသွားသည်မှာ ခဲသချာ၍ စိတ်အေးရသည်။ စိုးရိမ်စရာအခြေအနေက လွတ်မြောက်ခဲ့ပြီဖြစ်သည်။ သို့သော် အမာရွတ်တော့ ကျန်သည်ပေါ့။ ခက်သည်က အဲမူ၏ ရင်တွင်းက စိတ်ဝေဒနာ၊ စိတ်ဒဏ်ရာ၊ စိတ်အမာ။

ဖြစ်နိုင်လျှင် အဲမူကို ပွေ့ထားလိုက်ချင်သည်။ သူ့ခေါင်းကလေးကို ဖွဖွ ညင်ညင် သပ်ပေးချင်သည်။ အခုလို အဲမူကို ရှယ်လီ တစိမ့်စိမ့် ကြည့်နေသလိုမျိုး မမသည်လည်း ရှယ်လီကို တစ်ချိန်က ကရုဏာဖြင့် ရှုခဲ့ဖူးသည်။

'ရှယ်လီနဲ့ မမ စတွေ့တုန်းက ညမှာ အိပ်နေရင်း ခိုးပြီး မျက်ရည်ကျနေတဲ့ ညီမလေးကို မမ ဖက်ထားချင်လိုက်တာ'

ထိုစကားကို အနားကပ်၍ လာပြောနေဘိသကဲ့သို့ ပြန်လည်ကြားယောင်မိသည်။ ဩော် . . . ရှစ်နှစ်တောင် ကြာခဲ့ပြီပဲ။

စိတ်အာရုံသည် လျင်မြန်သော အရှိန်နှင့် လပွတ္တာသို့ ရောက်သွားခဲ့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

စိတ်အာရုံသည် လျှင်မြန်သောအရှိန်နှင့် လပွတ္တာသို့ ရောက်သွားခဲ့သည်။ သို့သော် လူကိုယ်တိုင် ရောက်ရှိနိုင်ရန်မှု နာရီများစွာ ကြာညောင်းအောင် ကားစီးရပေဦးမည်။

ရှယ်လီသည် သူ့ကျောပိုးအိတ်ထဲသို့ လက်ဝင်လျှို၍ စာကို ဆွဲထုတ်လိုက်သည်။ အမှောင်ထဲမို့ စာကို ဖတ်မရ။ သို့သော် သည်စာထဲပါ အကြောင်းအရာတို့ကို သူ အလွတ်နီးပါးရအောင် ဖတ်ထားပြီးဖြစ်သည်။ အောက်တိုဘာ ၂၁ ရက်၊ ၂၀၀၈ ခုနှစ်ရက်စွဲဖြင့် ပို့လွှတ်လိုက်သော အလုပ်ခန့်စာသည် ရှယ်လီ အနာဂတ်အတွက် ရတနာမြေပုံတစ်ချပ်သဖွယ် ခံစားမိသည်။ စာထဲတွင် နာဂစ်မုန်တိုင်းဒဏ်ပြန်လည်ထူထောင်ရေးစီမံကိန်း (Cyclone Nargis Recovery Project) အတွက် သူ့ကို ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ (Development Initiatives Group) က ရပ်ရွာဖွံ့ဖြိုးရေးလုပ်သား (community worker) အဖြစ် ခန့်အပ်လိုက်ကြောင်း လိုတိုရှင်းရေးသားထားသည်။ ရှယ်လီကမူ ဘယ်နှကြိမ်ဖတ်ဖတ် ဖတ်လို့မဝခဲ့။

တာဝန်ကျရာအရပ် လပွတ္တာကို ရောက်လိုလှပါပြီ။ စိတ်စောနှင့်သဖြင့် ခရီးသည် သာမန်ထက် ပိုကြာသယောင် ခံစားမိ၏။

မကြာမီပင် စက်အရှိန်လျှော့ကာ ကားရပ်လိုက်ပြီးနောက် မျက်နှာကြက်က မီးလုံးပွင့်လာ၍ ခရီးသည်များ နိုးလာကြသည်။ ရှယ်လီသည် စိတ်မရှည်လွန်း

mgyoe.com

mgyoe.com SAMPLE BOOK

လှ၍ ဘယ်နှကြိမ်မြောက်မှန်း မသိအောင် 'ကျွတ်' သပ်လိုက်သည်။

"ဟိုးနောက်က ခရီးသည်များ နောက်ကို နည်းနည်း ထပ်တိုးပေးကြပါဦးဗျာ"

'ဟာ'ဆိုသည့်အသံ ကားပေါ်ရှိ ခရီးသွားတို့ထံက စီခနဲ ထွက်လာသည်။ ရန်ကုန် ဒဂုံဇရာ အဝေးပြေးကွင်းကတည်းက လမ်းတစ်လျှောက်လုံး ကားရပ်ပြီး ခရီးသည်တင်ခဲ့သည်မှာ ဘယ်နှခါမှန်းပင် မမှတ်နိုင်တော့။ ကားခုံအောက်တွင်လည်း ကုန်ပစ္စည်းအပြည့်နှင့်မို့ ခြေထောက်လည်း မဆန့်နိုင်သည့်အပြင် ကားကြမ်းပြင်နှင့်ပါ မထိနိုင်ဘဲ ဒူးက ကိုယ်အထက်သို့ ထောင်မတ်နေရသည်။

သည်မျှမက အနံ့ကလည်း စုံလှသည်။ တစ်ညလုံး အသက်အောင့်ထား၍ မဖြစ်နိုင်သောကြောင့် မဖြစ်မနေ ရှူသွင်းနေရသော ဝင်သက်၊ ထွက်သက်တွင် ဖုန်မှုန့်များအပြင် နံဘေးက ခရီးသည်ဆီက ချိုင်းလက်ပပ်နံ့ သင်းနေသောကြောင့် ပျို့အန်ချင်လှပြီ။ ကြမ်းလွန်းလှသည့်လမ်းတွင် ကားသည် ဒယိမ်းဒယိုင် တလူးလူး တလိမ့်လိမ့်နှင့် ခရီးအဆုံးကို ရုန်း၍သွားနေသည်။ ခဏကြာတော့ ကားရပ်ပြန်သည်။ စက်ပျက်တာလားဟု စိုးထင့်မိသော်လည်း မဟုတ်။

"လိုက်လို့ရဦးမလား အစ်ကိုရေ၊ ကျောင်းကုန်းတင်ပဲ"

ကားကို လှမ်းတားသူက အောက်ကနေ လှမ်းပြောတော့ ကားစပယ်ယာက-

"ကဲ-တိုးကြပါဦး၊ နည်းနည်းကလေးပါဗျာ၊ ခရီးသွားကြတာချင်း အတူတူ လိုရာခရီးရောက်ဖို့ အချင်းချင်း ရိုင်းပင်းကြပါ။ ဟောဟိုက အဒေါ်၊ အဒေါ့်ရှေ့က အိတ်ကြီးကို ပေါင်ပေါ်တင်လိုက်ပါနော်၊ ဒါမှ နေရာ ပိုထွက်လာမယ်"

အပြောခံရသူ အမျိုးသမီးကြီးက ကျေနပ်ဟန်မတူ။

"နင်တို့ဟာကလည်း ကျန်တဲ့သူတွေကို အားနာဦးမှပေါ့"

"ငါဖြင့် တူတူတန်တန်ပေးစီးတာ၊ ထိုင်ခုံလည်း မရဘူး။ ပြီးတော့ ငါးပိသိပ် ငါးချဉ်သိပ်"

"ခင်ဗျားတို့ကို ဘယ်သူက စီးခိုင်းနေလို့တုံးဗျာ။ အဲဒီလောက်ဖြစ်နေလည်း ကိုယ်ပိုင်ကား ဝယ်စီး"

ယာဉ်နောက်လိုက်၏ ဘုတောသံကို မည်သူကမျှ မချေပသော်လည်း ကာယကံရှင် အမျိုးသမီးကတော့ အသံတိုးတိုးဖြင့် ဗျစ်တောက်ဗျစ်တောက်လုပ်လို့ မဆုံးတော့။ ခဏကြာတော့ သူလည်း အိပ်ပျော်သွားပြီထင်သည်။ တစ်ကားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

ငြိမ်သက်သွားပြန်သည်။

ရှယ်လီမှာတော့ မအိပ်နိုင်။ ကားက လူးလွန်းသဖြင့် ဝိုက်မိလိုက်ရုံနှင့် ရှေ့ကခုံနှင့် နဖူးဆောင့်ရလွန်း၍ အတော်ကလေး နာနေပြီ။ သည်ကြားထဲ ဘယ်ညာနံဘေးက ခရီးသည်နှစ်ယောက်လုံးက ရှယ်လီဘက်ကို ငိုက်၍ ခေါင်းစောင်းကျလာတတ်သည်ကို ကြည်ဖြူလွန်းလှ၍ မကြာခဏဆိုသလို တွန်းထုတ်နေရသေးသည်။

ဘယ်ဘက်ကတစ်ယောက်က အသက်ခုနစ်ဆယ်လောက်ရှိပြီ ထင်သည်။ သို့မဟုတ် ရှိရင်းစွဲ အသက်ထက် ရုပ်ရည်က ကြီးရင့်သောအသွင် ရှိနေတာလည်း ဖြစ်နိုင်သည်။ ခေါင်းလျှော်ဖို့ရာ မေ့လျော့ဟန်ရှိနေသော ထိုအဘွားအို၏ ခေါင်းက ဆီချေးနံ့ကို သည်းမခံနိုင်ဖြစ်ရသည်။

"ကလေးမ၊ ဘယ်နှနာရီရှိပြီလဲ"ဟု

ညောင်တုန်းကိုလွန်၍ တအောင့်ကြာတော့ သူက မေးသည်။ နဂိုကတည်းကမှ စိတ်မကြည်လင်လှသော ရှယ်လီကလည်း "မသိဘူးရှင့်"ဟု ဘောက်ဆတ်ဆတ် ဖြေသည်။ သည်တင် မရပ်။ 'ဪ. . . ကလေးမက ခုမှ လပွတ္တာကို ရောက်ဖူးမှာလား'ဆိုသော အဆက်အစပ်မရှိသော မေးခွန်းနှင့် စပ်စုပြန်သည်။

အခုမှတွေ့တဲ့ လူတစ်ယောက်အကြောင်း ဘာလို့ အဲဒီလောက်တောင် အမေးအမြန်းထူရပါလိမ့်ဟု မကျေမနပ် တွေးမိသည်။ မိတ္တဗလင္ဒီကာ မကျေဘူးပြောပြော။ ရှယ်လီကတော့ လူများများနှင့် မသိကျွမ်းလို။ အထူးသဖြင့် မေးမြန်းဖြေဆိုရသည့်အလုပ်မျိုး အင်မတန် ပျင်းလှသည်။ ရှယ်လီ မကြားဟန်ပြုနေလိုက်သဖြင့် ထိုအဘွားအိုကလည်း ထပ်ပြီး မမေးတော့။

ညာဘက်လျှောက်လမ်းတစ်လျှောက်လုံးကတော့ လူအပြည့်၊ ကုန်အပြည့်ပင်။ လူသွားလမ်းပေါ်တွင် အဆင့်ဆင့်ထပ်ထားသည့် အမျိုးအမည်မသိသော အိတ်ကြီးများပေါ်တွင် ခရီးသည်တချို့ တန်းစီထိုင်နေရသည်။ ကားရှေ့ဦးပိုင်းတွင်ကျတော့လည်း မတ်တတ်ရပ်စီးနေရသူများနှင့် ခြေချရန်ပင် နေရာမရှိ။ ဘေးကလူသည် နောက်ကျောမှီစရာမရှိ၍ တစ်ခါတစ်ရံ ရှယ်လီ့ခုံပေါ်တွင် ခေါင်းလာတင်တတ်သေးသည်။ ရှယ်လီကလည်း နည်းနည်းကလေးမျှ သေးသေးတင်မခံ၊ မသိမသာ တွန်းထုတ်ပစ်ရသည်။ အတော် စိတ်အိုက်စရာကောင်းသည့် အနေအထား။ ရန်ကုန်က ညကိုးနာရီထွက်လာသော ကားသည် မိုင်တစ်ရာကျော်မျှသာဝေးသော အရပ်ဆီသို့ ရှစ်နာရီမျှကြာအောင် မောင်းရပေဦးမည်။

mgyoe.com

mgyoe.com SAMPLE BOOK

'လာချင်လှတဲ့ အရပ်ဒေသပဲ၊ ကြုံသမျှ အံကြိတ်ခံရုံပေါ့'ဟု တွေးသည်။ အလုပ်ခန့်စာကို ရလျှင်ရချင်းကတည်းက သွားချင်လွန်းလှ၍ လက်ကုန်သည်နှင့် အလုပ်ဝင်ရန် ကတိပြုခဲ့သည်ကိုး။ တကယ်ဆို သည့်ထက်စောပြီး မနက်ဖြန်၊ သန်ဘက်ခါ ချက်ချင်းဆိုသလိုပင် အလုပ်ဝင်လိုလှပါသည်။ ရှယ်လီတွင် လုပ်ငန်းခွင်ဝင်ရန်အတွက် များများစားစား ပြင်ဆင်စရာမရှိသလို နောက်တစ်ကြောင်းက ဒယ်ဒီနှင့် ဝေးရာကို ပြေးလိုလှ၍ ဖြစ်သည်။

အခုတော့ဖြင့် သည်အတွေး မှားပြီထင်သည်။ အသိအကျွမ်းမရှိသော သူစိမ်းတစ်ရံဆံနယ်မြေသို့ တစ်ဦးတည်း ခရီးသွားရသည်မှာ ဒါက ပထမဦးဆုံး။ ပြီးတော့ ပထမဆုံးအလုပ် ဖြစ်သည်။ သို့သော် ခရီးအစမှာ မချောမွေ့လှပေ။

အလုပ်ခန့်စာ မိတ္တူကို ဒယ်ဒီလက်သို့ ထည့်ပေးခဲ့စဉ်က 'လခ နှစ်ပဲခြောက်ပြားအတွက် စိတ်ကူးယဉ်နေတယ်ပေါ့'ဆိုပြီး ရှယ်လီကို ခနဲ့ခဲ့သည်။

'သမီး တော်လိုက်တာ'ဟုများ ပြောလိုက်လျှင် ဒယ်ဒီအတွက် သိက္ခာကျသွားစရာဖြစ်မလား မသိ။ သည်လို အရိပ်အောက်က ပြေးထွက်ခဲ့ရခြင်းအတွက် ဘယ်တော့မှ နောင်တမရထိုက်ဟု သူ့ကိုယ်သူ အားပေးလိုက်မိသည်။ လပွတ္တာသို့ အိမ်ကကားနှင့် လိုက်ပို့ပေးမည်ဟု ဆိုပါသေးသည်။ ရှယ်လီအတွက် အမှန်ပင် မလိုအပ်တော့ပါ။ တစ်ဦးတည်းသွားရမည့်ခရီးဟု ခိုင်မာစွာ ဆုံးဖြတ်ထားပါက အဆိုး၊ အကောင်း နှစ်လီစလုံး ကြိုတင်တွေး၍ အားမွေးရန်သာ ရှိတော့၏။

လတ်တလောမှာတော့ ခရီးလမ်းသည် အစကတည်းက ယဉ်သကိုဖြစ်ရပြီ။ ခရီးပန်းခြင်းဒဏ်ကို လူးလှိမ့်ခံနေရသည်။ သည်လောက် ကြမ်းတမ်းသော ကားလမ်းမျိုး မြန်မာပြည်တွင် ရှိလိမ့်မည်ဟု တစ်ခါမျှ မတွေးခဲ့မိဖူးပေ။ တွေးနေရင်း ကပင် ရှေ့ကခုံနှင့် ခေါင်းဆောင့်မိပြန်သည်။

တစ်လမ်းလုံး လမ်းကြုံလိုက်သူများ အဆင်း၊ အတက်များစွာဖြင့် မကြာခဏ ရပ်နေသော သည်ကားကြီးကိုကြည့်ရင်း နတ်တို့ ဖန်ဆင်းသည့် ယာဉ်ရထားလိုလို စိက်က ထင်မိလာသည်။ ဟုတ်သည်လေ။ ခရီးသည်များ ထပ်ပြီး မည်မျှတင်နေပါစေဦးတော့ မဆံ့သည်မှ မရှိဘဲကိုး။

အံ့ဩစရာတော့ ကောင်းသည်။ မဖြစ်ဘူးထင်သော အနေအထားများသည် အခြေအနေကိုလိုက်၍ ဖန်တီးလျှင် သူ့အလိုလို ပြီးမြောက်သွားတတ်သည့် သဘောမျိုးပေလား မဆိုတတ်တော့ချေ။

နံနက် ငါးနာရီထိုးလုလုအချိန်တွင် လပွတ္တာမြို့သို့ ဒုတ်ဒုတ်ထိ ကား

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုက်တော့သည်။ ရောင်နီတစ်စပင် မမြင်ရသေးသည့်အချိန်တွင် လျှပ်စစ်မီးလည်း မရှိ၍ ပိန်းပိန်းကျ အမှောင်အုံ့ဆိုင်းလျက် ရှိသည်။ ဆောင်းဝင်ခါစအချိန်မို့ အအေးဓာတ်ကလည်း ခပ်ပါးပါး လွှမ်းခြုံလျက်။

ကားအောက်သို့ ရောက်လျှင်ရောက်ချင်း ဆံပင်များထဲသို့ အမှတ်မထင် လက်ထိုးသွင်း၍ သပ်ချမိတော့ ရှုပ်ထွေးကြမ်းထော်နေသော ဆံစများကို စမ်းမိ၍ အလွန်စိတ်ပျက်သွားသည်။ တံတွေးထွေးလိုက်တော့ ခွဲသလိပ်ထဲတွင် ပါသွားသော ဖုန်မှုန့်မည်းမည်းများကို ကားမီးရောင်အောက်တွင် မြင်ဖြစ်အောင် မြင်လိုက်မိသည်။

သည်တွင်မပြီးသေး။ ကားအောက်တွင် ထည့်ရန် အပ်ထားခဲ့သော ခရီးဆောင် အဝတ်သေတ္တာသည် သူ၏ မူလအရောင်ဖြစ်သော အပြာရင့်ရောင် လုံးဝပျောက်၍ ဖုန်မှုန့်များနှင့် ဖွေးဖွေးဖြူလျက်။ ရှေ့တစ်လှမ်းပင် ဆက်ပြီး မလှမ်းချင်တော့လောက်အောင် စိတ်ဓာတ်ကျမိသွားသည်။

ရန်ကုန်မှာ သည်လိုအချိန်ဆိုရင် ရှယ်လီဟာ အေးအေးလူလူ အိပ်မောကျနေဆဲ။ သည်အတွေးကြောင့် မျက်ရည်ဝဲလုလုဖြစ်ရသော်လည်း ဒယ်ဒီ၏လှောင်ပြုံးကို မြင်ယောင်မိသောအခါ မာန်တင်း၍ ခေါင်းမော့မိသည်။

"အစ်မ ဆိုက်ကားလိုလား၊ ဘယ်သွားမလို့လဲ"

မည်သို့ဖြစ်စေ စမိသည့်ခရီးမို့ ဆက်လျှောက်ရန် ရှိတော့သည်ပဲ။ ဆိုက်ကားသမားကို သေချာအကဲခတ်မိတော့ စိတ်ချရမည့်လူမျိုးဟု ထင်မိသည်။ သူ့ကို မလည်မဝယ် သူလို့ ရှယ်လီ အထင်မခံလိုလှ။ အစိကက မိန်းကလေးတစ်ယောက်တည်းလာသည့် ခရီးဆိုတာကို အကဲခတ်မိပြီး မတော်တရော် ကြံစည်မှာကို စိုးရိမ်မိသည်ပင်။ ထို့ကြောင့်ပင် တည်းခိုခန်းကို ပထမဆုံး ပို့ခိုင်းမည့် အစီအစဉ်အစားရုံးကိုသာ အရင်သွားရန် စဉ်းစားလိုက်သည်။

"ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ကို သိလား၊ ကျွန်မ အဲဒီရုံးကို သွားမယ်၊ ဘယ်လောက်လဲ"

"ကမ်းနားလမ်းပေါ်က ရုံးကို ပြောတာထင်တယ်"

"ဟုတ်တယ်၊ ရုံးလိပ်စာကို ကမ်းနားလမ်းလို့ ရေးထားတယ်"

"တစ်ထောင်ပဲပေးပါ အစ်မ"

"များလိုက်တာ၊ အလွန်ဆုံး ငါးရာပေါ့"

ရန်ကုန်မှာဆိုရင်တော့ ဘာအရေးလဲ။ တောင်းသည့်ဈေး ပေးလိုက်မည်

mgyoe.com

mgyoe.com
SAMPLE BOOK

ပင်။ အခုဟာက သည်အချိန်ကစပြီး ကိုယ့်ဝင်ငွေနှင့်ကိုယ် လောက်အောင် သုံးမည်ဆိုသည့် မာနကလေးကြောင့် တင်းခံမိသည်။

"ဝေးတယ်အစ်မရဲ့၊ ရှစ်ရာတော့ ပေးလိုက်ပါ"

သည်လိုနှင့် အပေးအယူတည့်သွားသည်။ ကျန်သည့်ကိစ္စများအတွက် အစီအစဉ် တရစပ်ဆွဲနေမိသည်။

ရုံးချိန်မဟုတ်၍ သည်လိုလင်းအားကြီးအချိန်တွင် မည်သူမျှ ရုံးတက်ဦးမည်မဟုတ်။ သို့သော် ရုံးတို့၏ထုံးစံ ရုံးအစောင့်တစ်ဦးတော့ ရှိရမည်ပင်။

လူမှုအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတို့သည် အဖွဲ့အစည်း၏ တင်းကျပ်သော စည်းကမ်းအရ တော်ရုံတန်ရုံ ရမ်းကားရဲမည်မဟုတ်ပေ။ သည်အခွင့်ကို အကြောင်းပြု၍ တာဝန်ရှိ စီမံကိန်း မန်နေဂျာရောက်လာချိန်ကို သတင်းပို့ရန်အတွက် ရုံးတွင်သာ စောင့်လိုကြောင်း ရုံးစောင့်ကို အကူအညီတောင်းမည်ဟု ကြံပါသည်။ ပြီးမှသာ သူတို့ဝန်ထမ်းတွေကို မေးမြန်းပြီး အဆင်ပြေနိုင်မည့် တည်းခိုခန်းတစ်ခုခု ရှာရမည်ပေါ့။

အရုဏ်ဦး အလင်းမျှင်တို့ တဖြည်းဖြည်း ထင်ရှားပီပြင်လာသည်။ အမှောင်နှင့်လည်း အသားကျလာ၍ မြို့၏ သက်ငြိမ်ကားချပ်ကို ဝေ့ဝဲ အကဲခတ်မိသည်။ ရွှေမြစ် ကမ်းနားဘက်တွင်တော့ အခြားမြို့သို့ ကူးမည့်သူများလား၊ ဒါမှမဟုတ် အနီးအနားရွာသို့ သွားမည့်သူများပေလား မသိ။ အစုန်အဆန် ခရီးသည်တို့နှင့် လှုပ်ရှားသက်ဝင်နေပေပြီ။

စွန့်ပစ်ထားသော·ရောင်စုံကြွပ်ကြွပ်အိတ်ခွံများနှင့် ဟင်းရွက်အပုပ်အရိများက မြို့၏အလှကို ထိပါးလျက်ရှိသည်။ ရွံ့ပုပ်ရေနံ့နှင့် ငါးညှီနံ့ ရောပြွမ်းထားသော ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့က စိတ်နောက်ကျိစေရန် ကူပံ့ပြန်သည်။ ဖုန်ကြား၊ သဲကြား၊ ရွှံ့ကြားတွင် မကူးလူးခဲ့ဖူးသော ရှယ်လီသည် သူအလုပ်လုပ်ရမည့်ရုံးကို စိတ်ကူးနှင့် မှန်းဆ၍ ကြံဖန်အကောင်းတွေးရန် ကြိုးစားကြည့်သည်။

'ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ (Development Initiatives Group)' ဟူ၍ အဖြူအောက်ခံတွင် အပြာရောင်ထင်းထင်းထပ်ကာ ရေးထားသော ဆိုင်းဘုတ်ကို ဝရန်တာရှေ့တွင် ချိတ်ဆွဲထားသည့် ခပ်နွမ်းနွမ်း နံကပ်နှစ်ထပ်တိုက်အိုရှေ့သို့ ရောက်သောအခါ သူသွားလိုရာခရီးသည်တွင် ပြီးဆုံးကြောင်း ရိပ်မိလိုက်သည်။

သို့သော် ရုံးထဲသို့ ချက်ချင်း မဝင်ရဲသေး။ သူ့အထင်က ရုံးအစောင့်ကို အော်ခေါ်၍ နှိုးရမည်ဟု တွေးခဲ့သော်လည်း အခုတော့ ရုံးတံခါးဖွင့်ထားနှင့်သည်

mgyoe.com

mgyoe.com SAMPLE BOOK

ကို မြင်နေရသည်။

အထဲတွင် အလင်းရောင် လုံလောက်စွာ မရသေး၍ ဖယောင်းတိုင်မီး အပြင် မှိန်ပျပျအလင်းကို အားကူဖြည့်ပေးမည့် မီးအိမ်နှစ်လုံးကို ထွန်းထားပြီး စားပွဲပေါ်တွင် မြေပုံဟု ယူဆရသော ကားချပ်ကို ဝိုင်းအုံကြည့်နေသည့် လူတစ်စု ကို ကျယ်ဝန်း၍ ဟင်းလင်းပွင့်နေသော တံခါးမကြီးမှတစ်ဆင့် တိုးလျှိုပေါက် မြင် နေရသည်။

သည်အတိုင်း ဝင်သွားသင့်သလား၊ ဒါမှမဟုတ် အသံပြုသင့်သလား။ အသံပြုလျှင်ရော ဘယ်လိုအသံပြုသင့်သလဲ။

'အိမ်ရှင်တို့'ဟု ခေါ်လို့လည်း မဖြစ်။

'ဒီမယ်. . . ဒီမယ်' အော်ခေါ်လျှင်လည်း ရိုင်းရာကျဦးမည်။

သို့နှင့် ကြိတ်ကြောင်တောင် ရပ်နေစဉ်မှာပင် ရှယ်လီနှင့် မျက်နှာချင်း ဆိုင်တွင် ရပ်နေသော အမျိုးသမီးတစ်ဦးက ခေါင်းမော့၍ ကြည့်လိုက်သည်နှင့် ဆုံသည်။

"ဆရာ၊ ရှေ့က ဧည့်သည်ထင်တယ်"

မြေပုံကားချပ်ကို သဲကြီးမဲကြီး ကြည့်နေသော ကျန်သူတို့ပါ အသီးသီး ခေါင်းထောင်လာကြသည်။ 'ဆရာ'ဟု ရည်ညွှန်းခံလိုက်ရသော ပုဂ္ဂိုလ်သည် မျက် ခုံးများ တွန့်ခေါက်လျက် ရှယ်လီကို စူးစမ်းအကြည့် ကြည့်သည်။

"ဘာကိစ္စများ ရှိလို့ပါလိမ့်"

"ကျွန်မက ရန်ကုန်ရုံးချုပ်က လွှတ်လိုက်တဲ့ ဝန်ထမ်းအသစ်ပါ၊ Community Worker အဖြစ် လုပ်ဖို့ အခုပဲ လပွတ္တာကို ရောက်ပါတယ်"

ဆရာဆိုသူသည် မျက်မှောင်တွန့်ရုံမက မျက်နှာပါ ညိုသွားပြီး-

"ဒီကို ဝန်ထမ်းအသစ် လာမယ်ဆိုတာကို ဒေါ်မြမြမောင်း သိလား၊ ကျွန်တော့်ကိုတော့ ဘာမှ အကြောင်းမကြားထားပါဘူး"

အမေးခံရသူ အမျိုးသမီးကလည်း ဇဝေဇဝါ ဖြစ်သွားပုံရသည်။

"မြမြ မပြောတတ်ဘူး ဆရာ ဒီရက်ပိုင်း ရွာဆင်းရတာ ရက်တွေဆက် နေတာနဲ့ အီးမေးလ်လည်း မစစ်ဖြစ်ဘူး။ ဒါပေမဲ့ ဖုန်းဆက်ပြီး ပြောတာတော့ မရှိ ပါဘူး"

မသေချာ မရေရာ စကားသံများနှင့် ဒွေးထွေးမှုကင်းမဲ့သော အကြည့် များကြောင့် အားလျော့သွားသည်။ ရှယ်လီသည် သူ့ကျောပိုးအိတ်ထဲက အလုပ်

mgyoe.com

mgyobe.com SAMPLE BOOK

ခန့်စာကို ဆွဲထုတ်ယူ၍ သည်ရုံး၏ စီမံကိန်းမန်နေဂျာဟု ယူဆရသူ ဆရာဆိုသူထံသို့ ပေးလိုက်သည်။

ဆရာက ခပ်သုတ်သုတ် ဖတ်ကြည့်လိုက်ပြီးနောက်-

"သိပ်ခက်တာပဲ၊ ရုံးချုပ်ဟာ အရေးကြီးတာကိုတော့ အရင်ဖြေရှင်းမပေးဘူး၊ ကျွန်တော်တို့ ဝန်ထမ်းအသစ် မလိုဘူး မပြောဘူး၊ ဒါပေမဲ့ အခုလောလောဆယ် အရေးပေါ် လိုအပ်နေတာက ရေပဲ၊ ရွာတွေမှာ ရေပြတ်နေတဲ့ကိစ္စ ပြောထားတာတော့ ဘာတစ်ခုမှ အကြောင်းမပြန်ပေးဘူး"

မည်သူ့ကို ရည်ရွယ်ပြီး အပြစ်တင်လိုမှန်း မသေချာသော်လည်း လောလောဆယ် သူ့မျက်မှောက်တွင်ရှိနေသော ဝန်ထမ်းများမှာ အနေရခက်သွားဟန်ရှိသည်။ အခုမှရောက်လာသည့် ရှယ်လီအတွက်တော့ ပိုဆိုးရောပေါ့။

"ခင်ဗျားသိလား၊ ကျွန်တော်တို့ရွာတွေ ရေပြတ်နေတာ၊ ရုံးချုပ်က အဲဒီအကြောင်း ဘာပြောလိုက်သေးလဲ"

ရှယ်လီမှာ ဘာဖြေရမှန်းမသိ။ အခုချက်ချင်းပဲ ခရီးဆောင်အိတ်ကို ပစ်ချကာ ရေသွားခပ်ပေးရတော့မှာလိုလို။

"ဆရာရယ်၊ ဝန်ထမ်းရေးရာက လူသစ်ခန့်တာပဲ၊ ကျွန်တော်တို့ကိစ္စက ပရောဂျက်ပိုင်းက လူတွေကိုပဲ ထပ်ပြီး သတိပေးရမယ်"

စိတ်အိုက်နေသော ရှယ်လီ့အနေအထားကို အားနာသဖြင့် အသက်ခပ်လတ်လတ် လူရွယ်တစ်ဦးက စကားဖြတ်ပေးလိုပုံ ရှိသည်။

"ဒါကို ကျွန်တော်သိပါတယ် ကိုသိန်းစိုး၊ ကျွန်တော် ဆိုလိုချင်တာက ဒီလောက်အရေးကြီးတဲ့ အနေအထားမှာတောင် အချင်းချင်း ချိတ်ဆက်မှုမရှိကြတာ ကျွန်တော် ထောက်ပြနေတာ"

ဩော် . . . ရှယ်လီ ရိပ်မိလိုက်ပြီ။ ဘိုကလေး၊ ဖျာပုံနှင့် လပွတ္တာမြို့နယ်များတွင် နာဂစ်မုန်တိုင်း ပြန်လည်ထူထောင်ရေးစီမံကိန်း ဆောင်ရွက်နေသော သည်အဖွဲ့အစည်းအတွက် ဝန်ထမ်းအသစ်ခန့်တော့ ရှယ်လီနှင့်အတူ ရွေးချယ်ခံလိုက်ရသော ဝန်ထမ်းတော်တော်များများသည် လပွတ္တာရုံးကို မလာချင်ကြပါ။ လပွတ္တာရုံး၏ ရုံးအုပ် စီမံကိန်းမန်နေဂျာ ဦးအောင်ဝင်းသည် အလွန်စိတ်ဆတ်သည်ဟု သတင်းမွှေးသည်ကိုး။

ရှယ်လီကသာ ဒယ်ဒီအရိပ်အောက်က လွတ်လျှင်ပြီးရော စိတ်တစ်ခုတည်းနှင့် ရှေ့မကြည့်၊ နောက်မကြည့်ဘဲ 'ဘယ်မှာပဲဖြစ်ဖြစ် ကျွန်မ အဆင်ပြေပါ

mgyoe.com SAMPLE BOOK

တယ်' ဟု လျှာချော်ခဲ့မိ၍ ယခုအခါ ကံဆိုးသူမယ်ရှင် ဖြစ်ရတော့သည်။

သတင်းကြီးသလို ရှယ်လီ၏ ဆရာတော်ရမည့်သူသည် အမှန်တကယ်လည်း စိတ်ကြီးမည့်သူ။ အသားညိုညို ကိုယ်လုံးဖိုင့်ဖိုင့်။ မျက်နှာကြီးကြီး။ ကတုံးဆံတောက်ဆံပင်နှင့် ဆရာသည် ပြုံးနိုင်ခဲသည့်ဟန်ရှိ၍ မျက်နှာပေါက်ဆိုးသလို ထင်ရသည်။

"ဆရာ၊ သူလည်း ခရီးပန်းလာမှာပဲ၊ ဒီမှာလည်း ကိစ္စက မပြတ်သေးတော့"

ဒေါ်မြမြမောင်း ပြောတော့မှသာ ဆရာသည် သူတို့နှင့်အတူ ဆွေးနွေးတိုင်ပင်နေသော နိုင်ငံခြားသူနှစ်ယောက်ကို သတိရသွားဟန်ရှိသည်။

"ဟုတ်ပြီလေ၊ ကျွန်တော်တို့တစ်တွေ ဒီနေ့ ရွာဆင်းဖို့ လမ်းကြောင်းဆွဲနေကြတာ. . . အဲဒီတော့ ဒီနေ့တစ်ရက်နားပြီး မနက်ဖြန် ရုံးလာတက်ပေါ့။ ဒါနဲ့ နာမည်က စာထဲကအတိုင်း ရှယ်လီပဲလား"

ကိုယ့်ဘကြီးအရွယ်ရှိသော ဆရာက 'ကျွန်တော်'ဟု နာမ်စားသုံးပြီး ပြောသဖြင့် ရှိုးတို့ရှန့်တန့်ဖြစ်သွားသော ရှယ်လီသည် လူမှုအဖွဲ့အစည်း အဝန်းအဝိုင်းတွင် အချင်းချင်း ခေါ်ဆိုကြသည့် 'ဆရာ'။ 'ဆရာမ'ဟူသော အသုံးနှင့် ကျွမ်းဝင်ပြီးသားဖြစ်၍ အလိုက်တသင့် စကားပြန်ဆိုနိုင်ခဲ့သည်။

"ရှယ်လီပါပဲ ဆရာ၊ တစ်ခုတော့ ရှယ်လီကို ကူညီပေးပါ၊ နေရေးထိုင်ရေးအတွက် ရုံးချုပ်ကတော့ ဒီမှာ အဆောင်တွေရှိတယ်လို့ ပြောပါတယ်၊ အသိလည်း မရှိလို့ လောလောဆယ် အဆင်ပြေနိုင်မယ့် တည်းခိုခန်းတစ်ခုခုကို ပြောပြပေးလို့ ရမလား၊ ပြီးမှ ရှယ်လီ အဆောင်ရှာပါ့မယ်"

"ရှိတဲ့တည်းခိုခန်းက အမြဲလိုလို လူပြည့်နေတာ ညီမလေးရဲ့. . . ပြီးတော့ ညီမလေးတစ်ယောက်တည်းဆို မသင့်တော်ပါဘူးလေ. . . မမတို့အဆောင်မှာ ဒီတစ်ပတ်အတွင်း အခန်းထပ်တိုးမယ်လို့ ဟိုနေ့က အဆောင်ရှင်က ပြောထားတာရှိတယ်. . . တို့ မေးပေးပါ့မယ်. . . တစ်ညနှစ်ညကတော့ မမအခန်းမှာ လိုက်နေလည်း ရပါတယ်"

မြမြမောင်း၏ အပြုံးသည် မီးရောင်အောက်တွင် လှဲ့နေသည်။ ရှယ်လီသည် သူ၏ နားရွက်ဖျားကလေး နံဘေးသို့ကပ်ကာ လေပြည်လေး ဖြတ်သန်းသွားသလို ခံစားလိုက်ရသည်။ တစ်ပြိုင်နက်တည်း နှလုံးသားပါ နွေးသွားခဲ့ သည်ကို သတိပြုမိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ရှယ်လီသည် ထွက်ပေါက်အနီးရှိ ခုံတန်းတွင် ထိုင်နေရင်း သူ့ကို 'ညီမလေး'ဟု ခေါ်ဆိုခဲ့သူ ဒေါ်မြမြမောင်းကို အကဲခတ်လိုက်သည်။

တင်ပါးအထိရှည်သော ဆံပင်အုံထူထူကို ရင်ဘတ်ရှေ့သို့ သိမ်းယူကာ အလျားလိုက် ဖြန့်ခင်းထားသော်လည်း ထိုဆံနွယ်များက ဝင်းဖန့်သော သူ့အသားအရေကို ဖုံးကွယ်မထားနိုင်ချေ။ မျက်ခုံးထူထူ၊ နှာတံမြင့်မြင့်၊ မေးရိုးသွယ်သွယ်နှင့်မို့ မိန်းမချောတစ်ဦးမှန်း သိသာသော်လည်း အထူးခြားဆုံးက သူ့အပြုံးဖြစ်သည်။ နှုတ်ခမ်းနှင့်အတူ မျက်လုံးများကပါ ပြုံးတတ်သူ။ နေရောင် ကောင်းစွာမဝင်လာသေးချိန် ဝါးတစ်ရိုက်အကွာတွင် ရပ်နေသူ ရှယ်လီပင်လျှင် အပြုံးနှင့်အတူ ရွှန်းလက်သွားသော သူ့မျက်ဝန်းများကို သတိထားမိလိုက်သည်။ နှစ်လိုဖွယ်ပါပဲ။

❑

သူ့ကိုယ်သူ
'မမ'တဲ့။
'မမ. . . '
'မမ'

ရှယ်လီသည် သံယောင်လိုက်၍ တိုးညင်းညင်း ခေါ်ကြည့်ပြီး တစ်ကိုယ်တည်း ပြုံးမိသွားသည်။ အဆောင်ကို လိုက်ပို့ပေးမည်ဆိုသဖြင့် မမကို ရှယ်လီစောင့်နေရသည်။ ခရီးသွားရန် လမ်းကြောင်းဆွဲနေသူများမှာ ဆရာ၊ မမ၊ နိုင်ငံခြားသူနှစ်ဦးနှင့် စောစောက ကြားဝင်ပြောပေးခဲ့သူ ကိုသိန်းစိုး။ အားလုံးပေါင်း ငါးယောက်။ သည်ရုံးမှာ ဝန်ထမ်း ဘယ်လောက်ရှိပါလိမ့်။ မမကရော ဘာရာထူးယူထားတာလဲ။ အလုပ်အတူတူလုပ်ရင် မမ စိတ်သဘောက ဘယ်လိုရှိမှာလဲ့။

ရှယ်လီသည် တောင်တောင်ဤဤ အတွေးပွားနေရင်းက ရုံးအတွင်းသို့ အကဲခတ်မိသည်။ သူ့နံဘေးတွင် ဝိုင်းအုံဖွဲ့ကာ တွတ်ထိုးတိုက်ခိုက်ရန် ပြင်နေသော ခြင်ကျွောဘီဇာတပ်ကို လက်နှစ်ဖက်ဖြင့် သိုင်းကစားသလို ယမ်းခါမောင်းထုတ်နေရင်းက ခုံအောက်ကနေ အလျင်အမြန် ပြေးသွားသော ကြောင်ပေါက်စအရွယ်ကြွက်ကြီးကို မြင်လိုက်ရသောအခါ သတိလက်လွတ် အော်မိမတတ် ဖြစ်သွားသည်။ ကြည်လင်ခါစ မနောစာတ်ကလေးမှာ တစ်ဖန် ပြန်လည် လေးလံထိုင်းမှိုင်းရပြန်ချေသည်။

ဟိုဟိုသည်သည် ကြည့်၍ စိတ်ဖြေစရာလည်း အထူးမရှိ။ သူထိုင်နေရာရှေ့တည့်တည့်ရှိ နံရံကပ်သင်ပုန်းအဖြူတွင် ရွာနာမည်အချို့ကို တွေ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'အရေးပေါ် ရေလိုအပ်နေသော ရွာများ - တာလူဖတော၊ တယ်ပင်ကိုင်း၊ လေယာဉ်ကွင်း၊ ကံကြီးစု၊ ပြင်စလူ၊ လတာချောင်း၊ ချောင်းကောက်၊ အောက်စက်ကူး၊ ဝါးဘိုးကုန်း၊ ကျားချောင်း'။ နံဘေးတွင် မှင်အနီရောင်ဖြင့် စာလုံးခပ်ကြီးကြီး ရေးထားသော ရွာသားများထံမှ ဝန်ထမ်းများ မည်သည့်လက်ဆောင်ပစ္စည်းမျှ လက်မခံရပါ။ သိရှိပါက ကြီးလေးစွာ အရေးယူခြင်းခံရမည်'ဆိုသည့် သတိပေးစာကိုလည်း တွေ့ရသည်။

မုန်တိုင်းတိုက်၍ သေတွဲ၊ ရှင်ကွဲ ပစ္စည်းဥစ္စာအကျိုးနည်းရသော သည်ဝန်းကျင်တွင် တံစိုးလက်ဆောင် ပေးနိုင်သူများလည်း ရှိနိုင်မည်မဟုတ်ဟု ရှယ်လီတွေးသည်။ ဒါဖြင့် ဘယ်လိုကြောင့် ဒီလိုသတိပေးရတာပါလိမ့်။ အကြောင်းတော့ ရှိမှာပေါ့လေ။

ရှယ်လီသည် သူရမည့် လခထဲက အဆောင်ခ၊ ထမင်းဖိုးနှင့် နေထိုင်စရိတ်အတွက် အခြားသော ကုန်ကျစရာများကို စိတ်မှန်းနှင့် တွက်ပြန်သည်။ ထိုအထဲက ဒယ်ဒီကို တတ်အားသရွေ့ ကန်တော့ရန် စဉ်းစားလိုက်သောအခါ သူ့အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်မိသည်။ အခုမှ နိုဝင်ဘာလဆန်း ၁ ရက်ရှိသေးသည်။ လကလည်း ကုန်နိုင်ခဲပါဘိ။

ရှယ်လီရှေ့တွင် လာရပ်နေသော ခြေဖမိုးဖြူဖြူကလေးကို မြင်ရချိန်တွင် နေရောင်ခြည်လည်း ကောင်းစွာ ဝင်းပခဲ့ပြီ။

"သွားကြရအောင်"ဟု မမက ဆိုသည်။

မမသည် မနှေးမမြန်သော ခြေလှမ်းနှင့် နေရာမှ ရွေ့နှင့်သည်။ ရှယ်လီသည် မမဘေးမှ ကပ်လျှောက်ရင်း စကားစရှာနေမိသည်။ မိတ်ဆက်စကားဖောင်ဖွဲ့မှု မကျွမ်းကျင်သူမို့ စကားသံတစ်လုံးမျှ မထွက်ဘဲ အာစေးမိနေသကဲ့သို့ ဖြစ်နေသည်။ မမက ကူသယ်ပေးမည်ဆိုသဖြင့် လက်ပ်တော့ထည့်ထားသည့် အိတ်ကို ပေးလိုက်သည်။ သည်တစ်ကြိမ်မှာတော့ မမနှင့် မျက်နှာချင်းဆိုင် အကြည့်ချင်းတော့၍ တိတိပပ ပြုံးပြဖြစ်ခဲ့သည်။

"ကျောင်းပြီးတာ ကြာပြီလား ညီမလေး"

မမကပဲ စကားစတင်သူ ဖြစ်ခဲ့ပြန်သည်။

"ဒီနှစ် သင်္ကြန်မတိုင်မီကပဲ ပြီးပါတယ်၊ အိုင်အာရ်နဲ့ပါ မမ"

"ဩော်-ဒါဖြင့် တော်တော်ငယ်ဦးမှာပဲ။ နုနုနယ်နယ်ကလေးကူ ၊ ဒီအလုပ်က ပင်ပန်းမှာ"

mgyoe.com

mgyee.com SAMPLE BOOK

"ရှယ်လီ မငယ်တော့ပါဘူး မမ၊ အခု ၂၂ နှစ်ထဲမှာပါ၊ ကျောင်းတက်ဖြစ်တာ နောက်ကျလို့သာ"

ဒယ်ဒီကို အရွဲ့တိုက်ပြီး စာမေးပွဲမဖြေခဲ့သဖြင့် ဆယ်တန်းတွင် တစ်နှစ်ကျခဲ့သည့်အကြောင်းနှင့် သူ့ဘဝ၏ အမှောင်လွှမ်းသော နေ့ရက်များကို ဖြတ်သန်းခဲ့ရသည့် အချိန်များတွင် ကျောင်းမတက်ဖြစ်ခဲ့ရခြင်း အကြောင်းများကို မမ သိရန် မလိုဟု ယူဆသဖြင့် ထည့်မပြောဖြစ်တော့ပေ။

"ဒါဆို ရှယ်လီက မမထက် ကိုးနှစ်တောင် ငယ်တာပဲ၊ ဒါ ပထမဆုံးအလုပ်လား ညီမလေး၊ စိတ်မရှိနဲ့နော်၊ အခု ရှယ်လီကို ဘယ်ရွာတွေအတွက် သင့်တော်မလဲလို့ စဉ်းစားမိလို့လေ"

"နာဂစ်တိုက်ပြီး တစ်လလောက်နေတော့ ရှယ်လီတို့သူငယ်ချင်းတွေစုပြီး ဘိုကလေးဘက်မှာ လုပ်အားပေး သွားခဲ့ဖူးပါတယ်၊ အလော်င်းကောက်တာမျိုးတော့ မဟုတ်ဘူးပေါ့၊ ရွာကကလေးတွေ စိတ်ပျော်အောင် ရှယ်လီတို့တစ်တွေ ပုံပြင်ပြောပြပါတယ်၊ နောက်ပြီး အဖွဲ့အစည်းတစ်ခုက သူတို့စီမံကိန်းအတွက် ရွာတွေရဲ့ လိုအပ်ချက်ကို စစ်တမ်းကောက်ယူတဲ့ နေရာမှာလည်း လုပ်အားပေးဖူးပါတယ်၊ သေသေချာချာ အလုပ်ဝင်တာကတော့ အခုမှ ပထမဆုံးပါ"

မမခေါ်သွားသော အဆောင်သည် ရုံးမှ ဆယ်မိနစ်သာ လမ်းလျှောက်ရသော အကွာအဝေးတွင် တည်ရှိပါသည်။ ရုံး၏ ကျောကပ်လမ်းနှင့် တစ်ဖြောင့်တည်းမို့ မျက်စိလည် လမ်းမှားစရာမရှိပေ။ အဆောင်သည် အောက်ထပ်ကို အုတ်ခံဖြင့် ဆောက်လုပ်ထားသော်လည်း အပေါ်ထပ်မှာ သစ်သားချည်းရှိသောအိမ်ဖြစ်သည်။ အိမ်ရှင်မိသားစုက အိမ်၏ ရှေ့မျက်နှာစာအပိုင်းတွင် နေကြပြီး အဆောင်နေသူများကို အိမ်နောက်ဖေး အဆောက်အအုံတွင် နေရာပေးထားသည်။

အပေါ်ထပ်သို့ တက်ရာ လှေကားသည် မတ်စောက်၍ ကျဉ်းမြောင်းလွန်းလှသည်။ အပေါ်မော့ကြည့်တော့ မျက်နှာကြက်မရှိသဖြင့် သွပ်အမိုးကို ရှင်းရှင်းလင်းလင်း မြင်ရသည်။ အမိုးပေါက်နေသော တချို့နေရာများမှ ထွင်းဖောက်ဝင်လာသည့် သေးသွယ်သော နေရောင်ခြည်တန်းကို သတိပြုမိသည်။ သွပ်အမိုး၏ တချို့နေရာများကိုတော့ အောက်ကနေ တာပေါ်လင်စဖြင့် ဖိကပ်ထားသည်ကို တွေ့ရသည်။ ကျပ်ခိုးမည်းမည်းများမှာလည်း ထုပ်တန်းတစ်လျှောက် တွဲလဲခိုလျက်။

အခန်းအတွင်းသို့ ရောက်လျှင်ရောက်ချင်း မမက ခေါင်းရင်းဘက်သို့သွားကာ ပြတင်းပေါက်ကို ဖွင့်လိုက်သော်လည်း ဘေးက တိုက်အိမ်ကြောင့်လား၊

mgyoe.com SAMPLE BOOK

အဆောင်ရှိရာ အိမ်ကိုကပဲ ခပ်ငိုက်ငိုက်ဖြစ်နေ၍လား မသိ၊ အားရလောက်သော အလင်းရောင်ကို မရပေ။

အခန်းသည် ခုနစ်ပေပတ်လည်ဝန်းကျင်သာ ရှိမည်။ သုံးထပ်သားများ ကာ၍ အခန်းဖွဲ့ထားသည်။ အခန်းအတွင်းတွင် စာကြည့်စားပွဲ ခပ်သေးသေး တစ်လုံးနှင့် လူးသာလိမ့်သာ မရှိသော သစ်သားခုတင်တစ်လုံး ထားပေးထားသည်။

မြင်ကွင်းထဲသို့ တိုးဝင်လာသော အရာမှန်သမျှသည် ညှိုမှုန်မှိုင်းမှောင် မွဲခြောက်စိုထိုင်းနေသယောင် ခံစားမိသည်။ လက်ရှိတွင် အပေါ်ထပ်တွင် ငါး ယောက်၊ အောက်ထပ်တွင် လေးယောက် နေသတဲ့။ အခန်းပို ရှိ၊ မရှိ စုံစမ်းသူ များလွန်း၍ မနက်ဖြန်ကစပြီး အိမ်အပေါ်ထပ် နေရာလွတ်တွင် အခန်းထပ်တိုး ပေးမည်ဟု အဆောင်ပိုင်ရှင်ထံက သတင်းစကားကို မမက လက်ဆင့်ကမ်းသည်။ သေးငယ်သော မြို့ကလေးသည် လူစိမ်းတို့ ခြေရာချင်းထပ်အောင် ကျင်လည်ရာ အရပ်ဒေသ ဖြစ်ခဲ့ချေပြီ။

အခန်းတွင်းက စားပွဲကို အပြင်သို့ထုတ်ပေးပြီး ရှယ်လီ အိပ်စရာနေရာ ရအောင် မမက ဖန်တီးပေးသည်။ ရှယ်လီသည် မမကို မော့ကြည့်ရင်း မဝံ့မရဲ ဆိုမိသည်။

"ရှယ်လီမှာ အိပ်ရာလိပ် မပါဘူး မမ"

"ဒါဖြင့်လည်း မမ အိပ်ရာပေါ်မှာ ခဏနားနှင့်လေ၊ မမ စီစဉ်ပေးမှာ ပေါ့"

ယခုအချိန်အထိ ရှယ်လီ၏ ကွက်လပ်မှန်သမျှသည် မမကြောင့် ပြည့်စုံ သွားသည်ချည်းသာ။ သို့ပေမဲ့ သူတစ်ပါး၏ အိပ်ရာခင်းနှင့် ခေါင်းအုံးကို မသတီ စိတ်ဖြစ်တတ်သော ရှယ်လီသည် မမကို မည်သို့စကားပြန်ရမည်မှန်းမသိ။ ခပ်ရွံ့ရွံ့အနေအထားနှင့် ခေါင်းကို လှဲချလိုက်တော့ ချည်နံ့သင်းနေသော စောင်ကြမ်း နှင့် အိပ်ရာခင်းကို ထိတွေ့မိသည်။ တော်ပါသေးရဲ့။

ညနေစောင်းချိန် မမ ရုံးကပြန်လာသောအခါ ရှယ်လီအတွက် ခေါင်းအုံး၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း၊ ဖျာ တစ်ခုမကျန် ထောင့်စေ့အောင် ဝယ်လာပေး သည်။ ခရမ်းပြာရောင်လွှမ်းသော အိပ်ရာခင်းကို ကြည့်ရင်း သူ့အကြိုက်ကို မပြော ဘဲ သိနှင့်သူဖြစ်သော မမအပေါ် နွယ်တစ်နွယ် စတင်ရစ်ပတ်မိသည်။

ထို့ပြင် ရှယ်လီ မှတ်မိသည်ကား ထိုညက မမချက်သော ငါးသလောက် ပေါင်း အတော်စားကောင်းခြင်းပင်။ မမသည် ချက်တာပြုတာကအစ လှုပ်ရှားမှု

mgyoe.com

mgyoe.com SAMPLE BOOK

အဖုံဖုံတွင် အလွန်ဖျတ်လတ်လှသည်။ သူတစ်ပါးပြောတာကို နားထောင်လျှင် အပြုံးမျက်နှာပေးနှင့် ခေါင်းတညိတ်ညိတ် လုပ်နေတတ်သည်။ လေပြည်နှော့သလို ချိုအေးစွာ စကားဆိုတတ်သူဟု သတိထားမိသည်။

မမသည် အနားတွင်ထိုင်ကာ စကားပြောနေသော်လည်း အဝေးတစ်နေရာသို့ စိတ်ရောက်နေသူကို သူ့ထံသို့ အာရုံ ပြန်လည်ရောက်ရှိရန် အသံလှိုင်း အနိမ့်၊ အမြင့်ဖြင့် ဆွဲညှို့နိုင်စွမ်းရှိသူအဖြစ် တွေ့မြင်လိုက်ရသည့် တစ်ခဏအတွင်းမှာပင် ရှယ်လီ မှတ်ချက်ချမိသည်။ သူ့တွင် တစ်စုံတစ်ရာသော စွမ်းအင်ရှိနေသလိုလို ခံစားမိသည်။

ညနေက မမ အဆောင်သို့ ပြန်ရောက်ရောက်ချင်း "ညီမလေး အဆင်ပြေရဲ့လား" မေးပါသည်။ အမှန်တကယ် အဆင်မပြေခဲ့လျှင်တောင် ချိုလွင်သော မမအပြုံးကြောင့် အမှန်ကို ပြောရမည်ကို အားတုံ့အားနာ ဖြစ်ရမည်ပင်။

ထိုညက ညအိပ်ရာမဝင်မီ အခန်းထဲတွင် ညာဘက်နံရံပေါ် က မျက်လုံးနှင့် တစ်တန်းတည်းကျသော နေရာတွင် ချိတ်ထားသော ဓာတ်ပုံကို သေချာစေ့ငုမိသည်။

ပုံထဲတွင် ရှယ်လီ အကျွမ်းဝင်စပြုပြီဖြစ်သော မြမြမောင်းသည် ကျစ်ဆံမြီးအရှည်ကို ရင်ဘတ်ရှေ့တွင်ချကာ ဆံပင်အရင်းတွင် ဇီဇဝါ ပန်းဖြူတစ်ပွင့် ပန်ထားသည်။ ပါတိတ်အနီရောင်ဝမ်းဆက်သည် ဖြူလွှသော သူ့အသားအရေကို ပို၍ ဝင်းတောက်စေသည်။ ဘယ်ဘက်လက်က ဘေးကပ်လျက်ရှိ အမျိုးသား၏ လက်မောင်းအိုးကို ဆုပ်ကိုင်လျက်။

မမ၏ဦးခေါင်းသည် ထိုပုဂ္ဂိုလ်၏ ပခုံးပေါ်သို့ မှီအုံးတော့မယောင်နှင့် ကိုယ်နေခပ်စောင်းစောင်း ရပ်နေသည့်သဏ္ဌာန်က သွဲ့သွဲ့နွဲ့နွဲ့ကလေး။ နံဘေးက လူကတော့ မပြုံးခရယ် ခပ်တည်တည်။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် မေးရိုးလေးထောင့်ကျသော ထိုသူနှင့် မမ မလိုက်ဖက်လွန်းလှပါ။ ချစ်သူနှင့်အတူ အမှတ်တရရိုက်သော ဓာတ်ပုံထဲတွင်ပင် ထိုသူ၏အကြည့်တွင် ခွန်ထွက်နေသော မာနဆူးကလေးကို ခံစားမိသည်။

အချစ်မှာ မျက်စိမရှိခြင်းမဟုတ်။ အချစ်ဖြစ်ပေါ် စေမည့် အကြောင်းတရားတို့ကို လွှဲရှောင်မရခဲ့ကြခြင်းပင် ဖြစ်နိုင်သည်။ ထိုနည်းတူ ကွဲကွာကွေကွင်းရခြင်းများသည်လည်း မဆုံစည်းစေနိုင်သော အကြောင်းကံကို ဖီဆန်ခြင်းငှာ မစွမ်းသာခဲ့သောကြောင့် ဖြစ်ပေလိမ့်မည်။

mgyoe.com

ရှယ်လီကတော့ အကဲမရသော စိတ္တဇနာမ်များအတွက် စိတ်ပင်ပန်းလွမ်းမောလိုသူ မဟုတ်ပါ။ အေးမြခြင်း၊ ပူလောင်ခြင်း၊ ရယူခြင်း၊ ပေးဆပ်ခြင်း အထွေထွေသော အဓိပ္ပာယ်ဖွင့်ဆိုမှုတွေကိုလည်း အတော်အတန် ငြီးငွေ့ခဲ့ပြီးဖြစ်သည်။ ခံစားချက်နှင့်ပတ်သက်လျှင် ယနေ့အချိန်အထိ အပြုခံ၊ အပေးခံဘဝက မလွတ်မြောက်သေးဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေမိသည်။ ထိုသို့ပြုသမျှ နုရပါသည်ဟု ယုံကြည်နေရခြင်းကိုက ခါးသီးရသည့်အဖြစ်ပင်။ ထို့ကြောင့် မေ့ထားလိုက်ချင်သည်။

အိပ်ရာပေါ်တွင် လူးလှိမ့်ရင်း အတွေးရေယဉ်ကို လမ်းလွှဲလိုက်သည်။ ရှယ်လီ့လခက တစ်သိန်းလေးသောင်း။ အဆောင်ခက နှစ်သောင်းခွဲတဲ့။ ရန်ကုန်တွင် လူစည်ကားရာ လှည်းတန်းတွင် နေရသော စရိတ်ထက်ပင် ကြီးလေးလွန်းသည်။ ထမင်းစရိတ်က တစ်နေ့ သုံးထောင်ထားဦး၊ တစ်လ ကိုးသောင်း။

လစာမက်၍ အလုပ်လုပ်သူမဟုတ်သော်လည်း ဘာဂါ မရှိ။ ကြက်ကြော်မရှိ အနေအစား ဆင်းရဲသော အရပ်ဒေသတွင် ငွေပိုငွေလျှံ စုဆောင်းရန် ခဲယဉ်းသော အလုပ်ကို သူ ဘယ်လောက်ကြာကြာ လုပ်နိုင်မှာမို့လဲ။

အစဦးပိုင်းဖြစ်၍ ဒယ်ဒီထံက ယူလာခဲ့သော ငွေသုံးသိန်းကို အကြွေးယူသလို သဘောထားပြီး ပြန်ဆပ်ပါမည်ဟု မာနခံခဲ့မိသည်ကိုပင် နောင်တရချင်သလိုလို၊ အခြေမကျမီ လိုအပ်သော ပစ္စည်းပစ္စယ ဝယ်တာနှင့်ပင် မကြာမီတွင် အိတ်ကပ်ထဲက ခြသေ့်တို့သည် ပြန်ရှာတွေ့ရန် ခက်ခဲသော တောနက်ထဲသို့ ခုန်ပေါက် ပြေးထွက်ကြတော့မည်။ ငွေကြောင့် အလုံးစုံသော ပျော်ရွှင်မှုကို မဖန်တီးနိုင်သော်လည်း ဘဝတစ်ခု စတင်ရန်အတွက် သူ့ကို ပေယျာလကန် ပြုထား၍ မရပေ။

မနက်ဖြန်အကြောင်းတွေးတိုင်း ရင်ခုန်ရသည့်ရက်မျိုး ဘယ်တော့ရောက်မည်မသိ။ ထိန်းထားသည့်ကြားက ရှယ်လီ့စိတ်သည် ရန်ကုန်အိမ်သို့ လှစ်ခနဲ ပြေးထွက်သွားတတ်သည်။ ဒီအချိန် . . . အိမ်မှာဆိုရင် . . . သည်လိုသတိရလိုက်မိရုံနှင့်ပင် စိတ်မလုံမလဲ ဖြစ်ရတော့သည်။ ဒယ်ဒီ၏ လျှောင်ရယ်သံကိုပင် ကြားယောင်မိသည်။

"သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု"

အမှောင်သည်းလာသော ညဥ့်ယံတွင် မမ၏ မေတ္တာပို့သံသည် ငြိမ့်ငြိမ့်

mgyoe.com

mgyoe.com SAMPLE BOOK

ညောင်းညောင်း လွင့်ပျံ့နေသည်။ ရေကဲ့သို့ အကြားအလပ်မရှိ စီးဆင်းနေသည်။ ကြီးကြီးနွယ်လည်း သည်လို မေတ္တာပို့တတ်တာပါပဲ။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် အလွန်ဝတ္တရားကျေလွန်းလှသည်။ ထိုမျှမက မကြာခဏဆိုသလိုပင် တရားစခန်းလည်း ဝင်လိုက်ပါသေးရဲ့။ ကြီးကြီးနွယ် မရောက်ဖူးသော ရိပ်သာ မရှိသလောက်ပင်။

"နွယ်က တရားစခန်းဝင်ရတာ. . ." သိပ်ဝါသနာပါတာဟုပင် လူစုံလျှင် ခပ်မော့မော့ကလေး ဆိုတတ်သေးသည်။ တောင်ကြီး၊ ကျော့သောင်းမှသည် စစ်တွေ ပါမက စင်ကာပူအထိပင် ဓမ္မမိတ်ဆွေဆိုသူများနှင့် တရုန်းရုန်း တရားရှာပုံတော် ထွက်တတ်သော ကြီးကြီးနွယ်သည် ရှယ်လီ၏ တစ်ဦးတည်းသော သွေးသားအရင်းအချာ ကြီးတော်ဖြစ်သည်မှအပ မည်သည့်အခါကမျှ နှလုံးသားချင်း ရင်းနှီးသူဖြစ်မလာခဲ့ပေ။

ဒယ်ဒီရော ဘာထူးလို့လဲ။ ဒယ်ဒီ မေတ္တာထားသော သုံးဆယ့်တစ်ဘုံသားဝေနေယျများစာရင်းထဲတွင် ရှယ်လီ ပါဝင်ဟန်မတူပါ။ သူ စိတ်မကြည်လင်သည့် အခိုက်အတန့်များတွင် ရှယ်လီကို မြင်လေတိုင်း 'သိပ်ကျက်သရေတုံးတာပဲ'ဟု နင့်နင့်နဲနဲ ဆိုလိုက်ရမှ အားရတတ်သူ၏ မနောတွင် ကိုယ်ကျိုးအတ္တမှအပ အခြား မည်သည့်အရာမှ ကိန်းဝပ်မနေပေ။

ရှင်သန်ခဲ့ရသည့် နှစ်ဆယ့်နှစ်နှစ်တာနီးပါး ကာလတစ်လျှောက်လုံး ရှယ်လီ့အပေါ် တစ်ရံတစ်ဆစ်သော်မျှ ဒယ်ဒီ မငဲ့ညှာခဲ့ဖူးပါ။

'စင်ဒီသမီးက စင်ဒီနဲ့ သိပ်တူတာပဲ'ဟူ၍ ဘေးပတ်ဝန်းကျင်က မှတ်ချက်ကြလေ ဒယ်ဒီ့ဒေါသဟာ ရှယ်လီ့အပေါ် ပုံကျလေပါပဲ။ သည်မျက်နှာကို မှန်ထဲတွင် ပြန်မြင်ရမည်ကိုပင် စက်ဆုပ်လာသည်အထိ ရှယ်လီ၏ စိတ္တဇည တာရှည်ခဲ့ရသည်။

အတွေးသည် သောကကို အစပျိုးစေသည်။ စိတ်၏အလျဉ်ကို အချိန်မီ မတားဆီးလိုက်နိုင်သောအခါ တင်းထားခဲ့သော မာနသည် ရုတ်တရက်ပြိုကျပြီး မျက်ဝန်းအိမ် ငွေ့ရည်ဖွဲ့လေသည်။

"မမ အိပ်တော့မယ်နော်ှ ရှယ်လီ၊ ညရေးညတာ တစ်ခုခုလိုရင် မမကို နှိုးနော်"

မေတ္တာပို့ အမျှဝေပြီး၍ မမက အခန်းတွင်းသို့ ပြန်လာသည်။ ပုဂ္ဂလိကမှ ပေးသော လျှပ်စစ်မီးကို ညခုနစ်နာရီမှ ဆယ့်တစ်နာရီအထိသာ ရနိုင်၍ မီးဖျက်

mgyoe.com

mgyoe.com SAMPLE BOOK

ချိန်သည် အိပ်ချိန်ဟုသာ အလိုလိုသတ်မှတ်ရတော့သည်။

"ဟုတ်. . . မမ"

ရှိုက်သံစွက်သွားသော မူမမှန်သည့် လေသံကို မမ သတိမထားမိဘဲ နေမည်မဟုတ်။ ရှယ်လီသည် ထိုညက စောင်စကို အာခေါင်အတွင်းသို့ လုံးသွင်းကာ ငိုခဲ့ရသည်။ လူမကြားအောင် ငိုရသည့်အဖြစ်သည် တစ်ယောက်တည်း ကမ္ဘာပျက်ရသည့် အခြေအနေနှင့် မခြားပေ။

ရှယ်လီနှင့် ခြားနားစွာ တိတ်တိတ်ဆိတ်ဆိတ် စီးဆင်းနေသော ချွေးမြစ်သည် ရင့်ကျက်တည်ငြိမ်သော အသွင်ဆောင်၏။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

ရှယ်လီနှင့် ခြားနားစွာ တိတ်တိတ်ဆိတ်ဆိတ် စီးဆင်းနေသော ရွှေးမြစ်သည် ရင့်ကျက်တည်ငြိမ်သောအသွင် ဆောင်၏။

မည်မျှပင် ငြိမ်သက်နေပါစေ ရေကြောက်လှသော ရှယ်လီအဖို့ ရွှေးမြစ်ကို ဖြတ်ကျော်၍ သွားရမည့်ခရီးသည် ရင်တုန်စရာကောင်းနေသည်။

'လှေအဆင်း မြင်းအတက်'သာ သတိထားရသည် မဟုတ်။ လှေပေါ် သို့ ချောချောမောမော ရောက်နိုင်ရေးမှာလည်း ရှယ်လီအတွက် အတော်သတိကြီးကြီးထားရသည့်အရေး ဖြစ်လေသည်။ ရှယ်လီတို့ စီးရမည့်စက်လှေမှာ ကမ်းသို့ မကပ်နိုင်သဖြင့် ရှေ့တွင် ရှိနှင့်သော စက်လှေ တစ်စင်းပြီးတစ်စင်းပေါ်မှ အဆင့်ဆင့် ကူးပြောင်းလျှောက်လှမ်းခဲ့ရသည်။

ရာသီဥတုကား အုံ့မှိုင်းပျလျက်။ မိုးပေါက်များသည် ဖွဲနှင့်ပက်သလို အဆုပ်လိုက် ကြဲချသည်။ ခပ်လှမ်းလှမ်းက ရေစပ်တွင် ရွှံ့လူးနေသော ဇက်တစ်ကောင်ကို တွေ့ရသည်။ သစ်သားပြားပေါ်ကနေ လျှောက်လာရင်း ရေထဲသို့ ပြုတ်မကျစေရန် ဘုရားတနေရသည်။ ရေနစ်သေရသည်က အကြောင်းမဟုတ်။ မသေခင် ထိုမြစ်ရေ ပါးစပ်ထဲသို့ ဝင်လာမည်ကို သေသည်ထက် ပို၍ စိုးရွံ့မိသည်ကိုး။

ကမ်းနားတစ်လျှောက်တွင် လူမှုအဖွဲ့အစည်းအသီးသီး၏ အဖွဲ့အစည်းတံဆိပ်ပါ အလံတို့သည် သက်ဆိုင်ရာလှေ၏ ဦးထိပ်ပိုင်းတွင် တလွင့်လွင့် လူနေ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ရွာဆင်းမည့် အဖွဲ့အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ နှုတ်ဆက်ကြသည်။ လက်ပြကြသည်။ သည်မြို့ကလေးတွင် လူမှုအဖွဲ့အစည်း အသိုင်းအဝိုင်းမှာ ကျဉ်းပါသည်။ တစ်ဦးနှင့်တစ်ဦး မသိကျွမ်းကြလျှင်တောင် မျက်မှန်းတန်းမိနေကြသည်။

ရှယ်လီတို့အဖွဲ့တွင် မမ၊ ရှယ်လီ၊ တိုးဇော်၊ ချိုချိုဦးနှင့် စက်လှေမောင်းသူ၊ ငါးယောက်ပါသည်၊ စလူဆိပ်သို့သွားမည့် သည်ခရီးသည် လပွတ္တာတွင် ရှယ်လီအဖို့ ပထမဦးဆုံး ရွာဆင်းရသည့် အတွေ့အကြုံမို့ စိတ်လှုပ်ရှားမိသည်။

လှေစထွက်တော့ မမက စလူဆိပ်ရွာသို့ စတင်ခရီးထွက်ခွာပြီဖြစ်ကြောင်းကို ကုလသမဂ္ဂ ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာအဖွဲ့ (UNDSS) သို့ စက်ကတစ်ဆင့် သတင်းပေးပို့သည်။ သည်အရပ်တွင် လာရောက်လုပ်ကိုင်ကြသော လူမှုအဖွဲ့အစည်းအသီးသီး ဘေးကင်းလုံခြုံစေရန် မိုးလေဝသနှင့် အခြားသောလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် သတင်းအချက်အလက် စုဆောင်းဖြန့်ဝေရေးကို UNDSS က တာဝန်ယူထားလေသည်။ ပြီးနောက် မမက အသက်ကယ်အင်္ကျီဝတ်ဆင်ထားရန် သတိပေးသည်။ မိုးရွာလျှင် ရွှံ့နှင့် ပြန်မလော့မြစ်တို့သည် ဒေါသမာန်ဟုန်ကြီးတတ်သတဲ့။ သို့နှင့် ရှယ်လီမှာ ရင်ဖိုမိပြန်သည်။

'××× မိုးမင်းမာန်တင်း ×× ရွာမလိုလိုနှင့် ညိုဟန်ဆင် ×× မိုးမှောင်တွေကျလာရင် ×× လွမ်းချင်းဝေဒနာလေးတွေဝင် ×××'

ကမ်းနားတွင် ဆိုက်ကပ်ထားသော လှေတစ်စင်းပေါ်က ပျံ့လွင့်လာသော သီချင်းသံသည် မော်တော်ဘုတ် ထွက်လာသည်နှင့် စက်သံနှင့်အတူ တဖြည်းဖြည်း မြုပ်၍ ကျန်ရစ်ခဲ့သည်။

လှေငယ်သည် ရွှေမြစ်ရင်ခွင်ထဲသို့ တအိအိ တိုးဝင်လာသည်နှင့်အမျှ ကမ်းစပ်မှ အသံတို့နှင့် တစ်စတစ်စ ဝေးကွာသွားသည်။ ကြည်အရင့်ရောင် ရွှေမြစ်၏ ပြန့်ပြူးသော မြစ်တလင်းပြင်ပေါ်သို့ မိုးပေါက်များ ဖြည်းညင်းစွာ နစ်ဝင်လျက်ရှိသည်။ ဆိုရလောက်အောင်ကြီး လှိုင်းမထန်သေးပေ။ ကမ်းနဖူးတွင် တည်ထားသော ထုံးဖြူဖြူစေတီကလေးကို လွန်သောအခါ မြစ်၏ ပင်္ကဇအကွေ့ကို စတင်တွေ့ရသည်။ အဝေးက လှမ်းမြင်ရသော လပွတ္တာမြို့က ဆက်သွယ်ရေးတာဝါတိုင်သည် မိုးမှုန်များကြားတွင် ဝေဝါး၍ သေးငယ်သွားခဲ့လေပြီ။

"ပုသိမ်ကို ပြန်မလော့ တွေးတော့ ရွှေမြစ်ကယ် ပြင်စလူနဲ့ ရောသူဖျာပုံမြွေးတယ်၊ ဘိုကလေးမှာ သက်ကယ်ဝင်လို့ လက်မလွယ်ကိုသံဒိရယ်နဲ့ တိုးလို့ထွက်ပြေးဆိုတဲ့စကား ရှယ်လီ ကြားဖူးသလား"ဟု မမက မေးလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း မမ၊ ဘာအစိပ္ပာယ်လဲဟင်"

"အထွေအထူး မဟုတ်ပါဘူးကွာ၊ ဧရာဝတီတိုင်းထဲမှာရှိတဲ့ မြစ်တွေ နာမည်မှတ်ရ လွယ်အောင်လို့ စာချိုးထားတာပါ။ ဒီဘက်မှာတော့ သက်ကယ်သောင်၊ ရွှေး၊ ပြန်မလော့မြစ်တွေက နာမည်ကြီးပေါ့"

ရှယ်လီသည် လက်ကို အပြင်သို့ ဆန့်တန်းထုတ်ကာ မိုးပေါက်များကို လှမ်းဆုပ်သည်။ ရေယာဉ်၏အရှိန်ကြောင့် သစ်သားလှေဝမ်း၏ အောက်ခြေဘေး ဘက်တွင် ရေပန်းတို့ တဖွားဖွား လွင့်ကျန်ရစ်ခဲ့သည်။ အတော်အတန် ခရီးရောက် တော့ လေထန်လာသည်။ မြစ်လယ်က လေသည် ရှယ်လီ့ဆံနွယ်များကို ခပ်ကြမ်း ကြမ်း ဆွဲမွှေ၍ ဦးခေါင်းနောက်ဘက်တွင် လွှန့်လူးနေစေခဲ့သည်။ မိုးပက်နေမှန်း သိသော်လည်း နေရာက ရွှေ့လိုစိတ်မရှိခဲ့။ ပတ်ဝန်းကျင်ကို သည်လို စိတ်အသာ တကြည် မငေးမောခဲ့ရသည်မှာ နှစ်ကာလ ဘယ်လောက်ကြာခဲ့ပြီလဲ။

လမ်းတွင် ခရီးသည်လှေ တစ်စီးစ နှစ်စီးစကို မကြာခဏ တွေ့ရသည်။ တချို့များဆို လှေအမိုးပင် မပါ။ ဆောင်ဦး မိုးနှောင်းတွင် အကုန်အစင် ရွာစေခဲ့ သော မိုးကြွင်းမိုးကျန်နှင့် အအေးဓာတ်ပါသော လေကြောင့် ချမ်းစိမ့်စိမ့်ဖြစ်လာ သည်။ အမိုးမပါသော လှေဝမ်းထဲက ခရီးသည်များခမျာ ခိုက်ခိုက်တုန်နေမလား မသိ။ သို့သော် မြစ်လယ်တွင် ကျားပိုက်ချနေသူများကတော့ ရာသီဥတုကို ဂရုထား ကြဟန် မတူ။

"ဒါနဲ့ တစ်နေ့က မြယာကုန်းမှာ မိကျောင်းတက်တာ ကြားပြီးပြီလား"

တိုးဇော်သည် လိမ္မော်သီး အခွံခွာနေရင်းက သူကြားရသော သတင်းကို အမေးစကားဖြင့် ဖောက်သည်ချသည်။ မိကျောင်းဟူသည့် အသံကြားသဖြင့် ရှယ်လီသည် အပြင်ဘက်သို့ ထုတ်ထားသော သူ့လက်ကို ချက်ချင်းဆိုသလို ပြန် ရုပ်လိုက်၏။

"ဒီဘက် အပေါ်ဘက်မှာ မိကျောင်းရှိလို့လားဟယ်၊ သူက ရေငန်နဲ့ ရေချို စပ်နေတဲ့အပိုင်းတွေမှာမှ ရှိတာ မဟုတ်ဘူးလား"

ချိုချိုဦးက မယုသင်္ကာနှင့် စကားပြန်ထောက်သည်။ ထို့နောက် စကား ဝိုင်းသည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ မမကို လှမ်းကြည့်တော့ သူသည် လည်း အဝေးသို့ ငေးမောလျက်။ အလုပ်အကြောင်း စဉ်းစားနေတာမဟုတ်လျှင် ဓာတ်ပုံထဲက ချစ်ရသောသူကို လွမ်းနေတာဖြစ်လိမ့်မည် ထင်ပါသည်။

လှေသည် ချောင်းကျဉ်းတစ်ခုထဲသို့ တိုးဝင်လာလေသည်။ ခက်ဖြာနေ

mgyoe.com

mgyoe.com SAMPLE BOOK

သော ဓနိတောကို စိမ်းစိမ်းစိုစို တွေ့ရသည်။ ရေပြင်သည်လည်း အစိမ်းရောင်ညို့လာသည်။ ဝန်းကျင်တွင် စက်လှေသံ တဒုတ်ဒုတ်မှအပ အခြားအသံများ ကင်းငြိမ်းငြိမ်သက်လျက်။

ဓနိတန်းကိုလွန်သော် ရွာငယ် ဇနပုဒ်တစ်ခုကို ဖြတ်သန်းရပြန်သည်။ ချောင်းနံဘေးတွင် အစီအရီရှိသော တာပေါ်လင်စ ပတ်ထားသည့် အိမ်သာများကို တွေ့တော့ အခြားအရပ်မျက်နှာဘက်သို့ ရှယ်လီ မျက်နှာလွှဲမိသည်။ သက်ငယ်ပင် မမိုးနိုင်ဘဲ လူမှုအဖွဲ့အစည်းများ၏ တံဆိပ်ပါ တာပေါ်လင်စပြာပြာများနှင့် ဖြုံလုံထားသည့် အိမ်တန်းကလေးသည် ရွာဟူ၍ မည်ကာမတ္တသာ ရှိသည်။

ရှယ်လီသည် ဓနိတောထဲတွင် ခေါင်းငိုက်စိုက်ကျ သေဆုံးနေသော ကလေးငယ်များ၊ ကနစိုပင်၊ ကညင်ပင်တို့၏ ခွဆိုင်များတွင် တွဲလောင်းချိတ်၍ အရိုးကျနေသော ရုပ်အလောင်းများ၊ ရေကန်နှင့် လယ်ကွင်းထဲတွင် ဗိုင်းဗိုင်းလဲကျခဲ့သော ကျွဲသေ၊ နွားသေများနှင့် မြစ်ချောင်းတစ်လျှောက် မျောပါလာသည့် ဒန်အိုးဒန်ခွက် သစ်တိုဝါးစနှင့် အမှိုက်သရိုက်မျိုးစုံတို့ကို ပြန်လည်မြင်ယောင်လာသည်။

ကြောက်လန့်တကြား အော်ဟစ်သံ၊ ငိုယိုသံ၊ တောင်းပန်တိုးလျှိုးသံ၊ ဆုတောင်းတိုင်တည်သံတို့သည် ထိုစဉ်က မုန်တိုင်းအသံနှင့်အပြိုင် ပွက်ပွက်ညံနေခဲ့လိမ့်မည်။ ပင်လယ်၊ မြစ်မနှင့် ရှိသမျှ ချောင်း၊ မြောင်း အစရှိသည်တို့ အရပ်ရှစ်မျက်နှာမှ ပေါင်းဆုံမြင့်တက်လာ၍ ရေပြင်အဏ္ဏဝါ၏ ကြောက်မက်ဖွယ်ကောင်းသော လှိုင်းလုံးများစွာကြားက ပြေးစရာမြေမရှိဘဲ ဗျာပါဒ်နှင့် သေအားငယ်ခဲ့ရသူများ။ မုန်တိုင်းသည် ကူကယ်ရာမဲ့တို့၏ အရိုးအသားနှင့် မျှော်လင့်ချက်အားလုံးကို ညက်ညက်ကြေအောင် မွခြေခဲ့သည်။ ရှင်သန်ကျန်ရစ်သူများအဖို့မှာလည်း အမှောင်ကမ္ဘာထဲက မိုးခြိမ်းသံနှင့် လေသံ တဝူးဝူးသည် တစ်သက်စာ ခြောက်လှန့်တော့မည့် အိပ်မက်ဆိုးများ ဖြစ်လာခဲ့ရသည်။

လက်ရှိအချိန်တွင် အနိဋ္ဌာရုံတို့ကို ကွက်ကွက်ကွင်းကွင်း မမြင်သာတော့သော်လည်း ကြွင်းကျန်ရစ်သော ဒဏ်ရာဒဏ်ချက်တို့ကား အစိမ်းအတိုင်း လတ်ဆတ်နေဆဲ။ သွေးစိမ်းရှင်ရှင်ထွက်မဆုံး ဖြစ်နေလျက်က ညှီးရော်မွဲခြောက်နေသော အနာဆွေးကြီး အရှင်းပပျောက်ရန် အချိန်မည်မျှ ကြာမြင့်ဦးမည်နည်း။ ခဏတဖြုတ် ဆေးထိုးပေးရုံဖြင့် အတွင်းတွင် လှိုက်စားနေသော ဒဏ်ရာက ပျောက်မတဲ့လား။ ရွာစဉ်တန်းထဲ လူမှုအဖွဲ့အစည်းများ တစ်ဖွဲ့ဝင် တစ်ဖွဲ့ထွက်ရင်း သည်လိုနှင့်ပင်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်မိုးသောက် တစ်နေဝင် တစ်နေထွက် တစ်မိုးချုပ်ကာ အချိန်တန်တော့ ပိုနေမြဲ ကျားနေမြဲ ဇာတ်လမ်းဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်ကြဦးမည်လား။

အတွေးအိမ်သည် အလုံပိတ်ဖြစ်၏။ ထွက်ပေါက်သည် လွယ်မယောင်နှင့် ခက်သည်။

အာရုံတို့ ထုံထိုင်းလာသည်နှင့် ရှယ်လီသည် သူ့ကျောပိုးအိတ်ထဲက လီယိုတော်စတွိုင်း၏ 'လူငယ်လူရွယ် (Youth)' ဝတ္ထုစာအုပ်ကို ထုတ်လိုက်သည်။

လပွတ္တာသို့ လာသည့်ခရီးတွင် ဖတ်စရာ စာအုပ်လေးအုပ် ပါလာခဲ့သည်။ သည်စာအုပ်သည်လည်း သူနှင့်အတူ ယူလာခဲ့သော လူထုစိန်ဝင်း၏ 'ရှက်စိတ်'၊ ကြည်အေး၏ 'ကေဖွဲ့ဆိုသီ'နှင့် အိပ်(ချ်)ဂျီဝဲ(လ်)၏ 'အင်္ဂလိပ်တစ်ဦး၏ ကမ္ဘာကြီးကြည့်မြင် (An Englishman Looks at the World)' စာအုပ်တို့လိုပင် သည်နယ်မြို့ကလေးတွင် နေထိုင်ခိုက် ရှယ်လီကို အဖော်ပြုပေးမည့် အသံတိတ်မိတ်ဆွေများ ဖြစ်သည်။

သည်လို စာဖတ်ဝါသနာ ပါရခြင်းကလည်း ရန်ကုန် အမေရိကန်စင်တာတွင် ကျောင်းတက်စဉ်က စာဖတ် ဝါသနာပါသူများနှင့် ဆုံစည်းခွင့်ရခဲ့၍ ဝါသနာအတူ ကူးစက်ရခြင်းဖြစ်သည်။

ချိုချိုဦးသည် နှုတ်ခမ်းကလေးဟရင်း မျက်လုံးဝိုင်းကလေးနှင့် ရှယ်လီကို ငေးကြည့်သည်။

"စာအုပ်က အထူကြီးပဲနော်၊ အင်္ဂလိပ်လိုချည်းပဲ၊ ရှယ်လီက ဖတ်နိုင်တယ်နော်"

ဝတ်ကျေတန်းကျေ ပြုံးပြ၍ ချိုချိုဦး၏စကားကို ခေါင်းညိတ်သည်ဆိုရုံကလေး အနေအထားဖြင့် တုံ့ပြန်ခဲ့သည်။

မြစ်ပြင်ကို တစ်ဖန်ပြန်လည်မျှော်ကြည့်ရင်း ပင့်သက်ရှိုက်ရပြန်သည်။ အကယ်၍သာ ဒယ်ဒီ့စကား နားထောင်ခဲ့လျှင် ယခုအချိန်ဆိုလျှင် ရှယ်လီသည် စင်ကာပူကွင်း အခြားသောအဆင့်မြင့် ပညာရပ်တစ်ခုကို ဆည်းပူးနေရလိမ့်မပေ့။ ယခုတော့ တိုးဇော်တို့၊ ချိုချိုဦးတို့လို သူလိုကိုယ်လို သာမန်ဘွဲ့ရများနှင့် တန်းတူရည်တူ သတ်မှတ်ခံထားရသော အညတရဝန်ထမ်းမျှသာ။

စီမံကိန်းဝင်သည့် ရွာပေါင်း ငါးဆယ့်နှစ်ရွာကို ဧရိယာ ခြောက်ခုခွဲ၍ သတ်မှတ်ထားပြီး ဧရိယာမန်နေဂျာ ခြောက်ယောက်က အဓိက တာဝန်ခံဦးစီးပါသည်။ သည်အထဲတွင် မမ ခွဲတမ်းရထားသည့် ရွာအရေအတွက်က အများဆုံး။

mgyoe.com

mgyoe.com

စုစုပေါင်း ရွာ ၁၀ ရွာရှိ၍ ဝန်ထမ်းအသစ်ဖြစ်သော ရှယ်လီကို မမတို့ဇရိယာအတွက် ခန့်ထားလိုက်သည်။ တိုးဇော်နှင့် ချိုချိုဦးတို့မှာ ဇွန်လကုန်ခါနီး ပြန်လည်ထူထောင်ရေးစီမံကိန်း စသည့် အချိန်ကတည်းက ရှိနှင့်နေသော ဝန်ထမ်းများဖြစ်၍ ရှယ်လီထက် စီနီယာကျလေသည်။

ရုံးစတက်သည့်နေ့က "တိုးဇော်နဲ့ ချိုချိုဦးတို့ကို မသိတာရှိရင်မေး။ သူတို့လည်း ဆရာဖြစ်နေပြီ။ ရှယ်လီကို သူတို့ တွဲခေါ်ပေးပါလိမ့်မယ်"ဆိုပြီး စီမံကိန်းမန်နေဂျာ ဦးအောင်ဝင်းက ပြောသည်။

ထိုစဉ်က ရှယ်လီသည် အင်းမလှုပ် အဲမလှုပ်ဘဲ လက်ဖျားတွင် ဘောပဲန်ကို လှည့်ပြီး ကစားနေခဲ့သည်။ မွတ်မွတ်လည်ထွက်နေသော ဘောပဲန်ကို ကြည့်ရင်း အသက်ရှူမြန်နေခဲ့ရသော အချိန်လည်း ဖြစ်သည်။ 'တိုးဇော်နှင့် ချိုချိုဦး'က သူ့ဆရာဟုအဓိပ္ပာယ်သက်ရောက်စေသောစကားကြောင့်ရှယ်လီ့မျက်နှာတွင် အရောင်မျိုးစုံ ဖြတ်ပြေးသွားခဲ့သည်။

လှေသည် ချောင်းငယ်ကလေးထဲမှ တရွေ့ရွေ့ထွက်ခွာကာ ပို၍မာထန်သော မြစ်ပြင်ကျယ်သို့ ဦးတည်လိုက်ပြန်သည်။ ပြန်မလော့သည် ဧည့်သည်အဖွဲ့ကို ခပ်ကြမ်းကြမ်း လှိုင်းပုတ်၍ ကျီစယ်၏။ သည်လှိုင်းက အပျော့စားပဲရှိသေးသတဲ့။ ပင်လယ်ဝဘက်ရှိ ရွာများသို့သွားလျှင် သည့်ထက်ကြမ်းသော လှိုင်းဒဏ်ကို ခံရဦးမတဲ့။ တိုးဇော်က ရှယ်လီအကြောက်ပြေစေရန် ပြောသည်။ လှိုင်းလုံးများက ဝါးမျိုဖုံးလွှမ်းသွားမည်ကို ရှယ်လီ မကြောက်ပါ။ သို့သော် လှိုင်းမူးသည့်ဒဏ်ကိုဖြင့် မခံစားလိုပေ။

လပွတ္တာမှ စတင်ထွက်ခွာလာချိန်မှစ၍ နာရီလက်တံ သုံးပတ်ကျော်မျှ ရစ်ပတ်ခဲ့ပြီးလေမှ စလူဆိပ်ကို ရောက်သည်။

"ဒီရွာလည်း အသေအပျောက် အရမ်းများတယ်။ အောက်ဘက်ကျတဲ့ ပင်လယ်နဲ့နီးတဲ့ ရွာတွေက ပိုထိတာပေါ့။ ရွာလုံးကျွတ်နီးပါး ရွာပျက်သလောက်ကို ဖြစ်သွားတာ"

ချိုချိုဦး၏ စကားဆုံးတော့ မမက "ဒီရွာက နောက်ဆိုရင် ရှယ်လီ ကိုင်ရမယ့်ရွာ၊ မမ ရှယ်လီကို ရွာကလူတွေနဲ့ မိတ်ဆက်ပေးထားမယ်"ဟု ဆိုသည်။

လှေသည် ကမ်းသို့ တော်တော်နှင့် မကပ်နိုင်။ လတာပြင်သည် မြစ်နှင့် ရွာကို ပိုင်းခြားထားသည်။ 'ညိုပြာပြာ လတာပြင်ခြေရင်း လှိုင်းတက်ရာ ဗေဒါတက် လှိုင်းသက်ရာဆင်း'ဟူ၍ လတာပြင်ကို ဗေဒါပန်းနှင့် တွဲဖက်ကာ ပုံဖော်လွှမ်းမော

mgyoe.com
SAMPLE BOOK

ခဲ့ရဖူးသူ ရှယ်လီသည် ဇေဒါအစား ပလတ်စတစ်ဘူးခွံများနှင့် အမှိုက်များကိုသာ ထိုးထိုးထောင်ထောင် တွေ့ရသော ညိုညစ်သော ရွှံ့ပြင်ကြီးကိုကြည့်ပြီး နှာခေါင်း ရှုံ့မိလေသည်။

"မိုးရွာတာ ဘာလို့ ရေပြည့်မနေတာလဲ"ဆိုသော ရှယ်လီ၏ မေးခွန်းကို အားလုံးက ရယ်ကြသည်။

"ရှယ်လီ ငယ်ငယ်တုန်းက စာထဲမှာ သင်ခဲ့ဖူးတယ်မဟုတ်လား။ လပြည့်၊ လကွယ်နဲ့ ဒီရေအတက်၊ အကျဆိုတာ အဲလိုပေါ့"

မမစကားမဆုံးခင်မှာပင် စက်လှေမောင်းသူက "ရွာကို ရွာနောက်ဘက်က ကွေ့ပတ်သွားမှ ရမယ်"ဟု လှမ်းပြောသည်။ သို့နှင့် ရွာထိပ်တွင်ရှိသော ခနော်နီ ခနော်နဲ့ ကမ်းကပ်တံတားနှင့် ဝေးရလေသည်။

ရွာသည် အုန်းပင်ကိုင်းကိုင်းများကလွဲပြီး သစ်ကြီးဝါးကြီး ကင်းပလျက် သွေ့ခြောက်နေသော လွင်တီးခေါင်တွင် ထီးထီးတည်း တည်ရှိသည်။ နောက်တစ်ခါ လှေ ကမ်းကပ်လိုက်သော နေရာသည် ရွာနှင့် အတန်ငယ် လှမ်းပါသည်။ သည်လို ဆို ကွင်းပြင်ကျယ်ကို ဖြတ်ပြီးမှ ရွာထဲကို ရောက်ရတော့မည်။ မိုးသည် တစိမ့်စိမ့် စွေနေဆဲ။

လှေကို တဖြည်းဖြည်း စက်အရှိန်လျှော့၍ ကမ်းကပ်လိုက်သည်။ ရွာထဲ ကိုသွားရန် အားလုံး အသင့်ပြင်လိုက်ကြသည်။ လှေထဲက ထွက်လိုက်သောအခါ စေးထန်းသော မိုးစက်များကာ မျက်နှာသို့ လာ၍ ရိုက်ခတ်သည်။

ရှယ်လီတစ်ယောက်သာလျှင် ထီးကိုင်၍ ကျန်သူများက မိုးကာအင်္ကျီ ကိုယ်စီနှင့် ဖြစ်ပါသည်။

ကွင်းပြင်ကျယ်ကြီးသည် ယခင်က လယ်ကွင်းများ ဖြစ်ခဲ့ဟန်တူသည်။ ပင်လယ်ရေငန် ဝင်ရောက်သဖြင့် ဆောင်းစပါး မစိုက်ပျိုးနိုင်သော အရပ်တွင် မိုး စပါး အိပ်မက်သည်လည်း မုန်တိုင်းနှင့်အတူ ဝေးလွင့်ခဲ့ရသည်။ ကျွဲ၊ နွားလည်း ဆုံး။ ဝမ်းစာတင် မဟုတ်၊ မျိုးစပါးပါ မကျန်ခဲ့ရသည့်အပြင် အရင်းအနှီးမရှိ၍ တာပေါက်များကိုပင် မမွမ်းမံနိုင်သော အနေအထားကြောင့် စိမ်းစိုရွှန်းတင့်၍ ရွှေဝါရောင်သန်းခဲ့ဖူးသော လယ်ပြင်သည် တစပြင်နှင့်မခြား ရှိချေပြီ။

လေသည် ဝေ့ကာဝဲကာ ဝိုက်ကာနှင့် အရပ်မျက်နှာပေါင်းစုံလှည့်၍ တိုက်ခတ်သည်။ မိုးပွင့်တို့သည် ဖော့တစ်လီ၊ ပြင်းတစ်လှည့်အရှိန်နှင့် ရှယ်လီ့ ဆံနွယ်များပေါ်၊ ပခုံးသားပေါ်၊ လက်ဖျားများပေါ် နှင့် ပေါင်တံပေါ်သို့ ပွတ်သီသွား

mgyoe.com

mgyoe.com SAMPLE BOOK

လေသည်။ စိုထိုင်းလာသော ခန္ဓာကိုယ်ကို ရှယ်လီ ရွံမုန်းလာသည်။ အထူးသဖြင့် အမျိုးသမီး ရာသီပန်းပွင့်သော ကာလတွင် စိုရီမှိုင်းအုံ့သော အနေအထားကြောင့် အသွားအလာ ပို၍ လေးကန်စေခဲ့သည်။

ရွာကို လှမ်းမြင်နေရသော်လည်း ဗွက်ထူသောလမ်းကြောင့် စိတ်သွားတိုင်း ကိုယ်မပါပေ။ တစွက်စွက်နှင့် ဗွက်တောထဲသို့ နစ်ဝင်သွားသော ခြေထောက်ကို အားနှင့်ပြန်၍ ဆွဲထုတ်လိုက်တိုင်း စေးကပ်သော ရွှံ့တို့က ဖိနပ်အောက်ခြေတွင် အခဲလိုက် တွယ်ကပ်ပါလာကြသည်။

ဖိနပ်ကြိုး ပြတ်ထွက်ချင်လည်း ထွက်ပါစေတော့ဟု စိတ်တိုးတိုးချကာ ရွံ့ညွန်ပြင်မှ အားနှင့် ဆောင့်ရုန်းခဲ့ရသည်။ ရှယ်လီက အဖွဲ့ထဲတွင် နောက်ဆုံးကျန်ရစ်သူ။ အရင်သွားနှင့်သူများက နောက်တွင် ပြတ်ကျန်ခဲ့သော သူ့ကို ခပ်လှမ်းလှမ်းကနေ စောင့်တွဲခေါ် ရသည်။

"ဖိနပ်ချွတ်လိုက်ပါလား ရှယ်လီ၊ မချို ကိုင်ပေးပါ့မယ်"

ချိုချိုဦးသည် ရှယ်လီဖြစ်နေပုံကို စိတ်မသက်သာ၍ ထင်သည်။ နောက်ကြောင်းတစ်ခေါက် ပြန်လှည့်လာ၍ ပြော၏။ သည်လိုကျတော့လည်း အဆင်မပြေပြန်။ အားနာရသည်ကိုး။

ဖိနပ်ချွတ်လိုက်သော်လည်း လယ်ကန်သင်းရိုးပေါ် တွင် ခြေဗလာနှင့် လမ်းလျှောက်ရသည်ကို ချက်ချင်း အသားမကျနိုင်သေးသဖြင့် တုံ့ဆိုင်းတုံ့ဆိုင်းသာ ရှေ့သို့ ရွေ့နိုင်ခဲ့သည်။ ရှယ်လီ လက်ထဲတွင် တစ်ဖက်က ဖိနပ်ကို ကိုင်၍ လုံချည်မလျက်။ အခြားတစ်ဖက်က ထီးကို ကိုင်လျက်။ လူက ထီးကို ကာကွယ်ပေးနေရသည်လား။ သို့မဟုတ် ထီးကပဲ လူကို ကာကွယ်ပေးနေရသည်လား မသေချာပေ။

လေပြင်းကြောင့် ထီးရွက်များ မလန်စေရန် ကြိုးစားထိန်းရသောအခါ မိုးရေသည် ကိုယ်ပေါ်သို့ လွတ်လွတ်ကင်းကင်း ပြိုကျလာသည်။ သည်ကြားထဲ ချော်လဲကျမည်ကိုစိုးသဖြင့် ခြေချောင်းများကို ကုပ်၍ သတိထားသွားနေလျက်ကပင် တစ်ချိမှာတော့ တာရိုးပေါ် တွင် နောက်ပြန် လဲကျခဲ့ရသေးသည်။ ရွာကိုရောက်တော့ ရှယ်လီခမျာ လူရုပ်ပင် မပီချင်တော့။

လမ်းခရီးတွင် မြင်ခဲ့ပြီးသော အခြားသောရွာများကဲ့သို့ပင် စလူဆိပ်သည်လည်း တာပေါ် လင်စများနှင့် ပြာလွင်လွင်ဖြစ်နေသည်။ သက်ငယ်နှ ဘာပေါ် လင်စ စပ်ထားသော အမိုးနှင့်အကာ။ ဝါးကြမ်း ခပ်ကျဲကျဲ ဖြန့်ထားသော

mgyoe.com

mgyoe.com SAMPLE BOOK

အခင်းနှင့် ယိုင်နဲ့နဲ့အိမ်ကလေးများသည် ကြမ္မာဆိုးကို ဖြစ်သည့်နည်းနှင့် အန်တုနေရပုံကို အထင်းသား ပေါ်လွင်စေသော သရုပ်သကန်များ ဖြစ်သည်။

ထို့ပြင် အင်္ဂလိပ်ခေတ်က ရေနံမြေအလုပ်သမားတို့၏ ဆယ်ပေပတ်လည်သာရှိသော အခန်းများကို မျက်ဝါးထင်ထင် ပြန်လည်တွေ့မြင်ရဘိသကဲ့သို့ပင်။ ခြေဆန့် ခေါင်းဆန့်ပင် ကောင်းစွာ မလွတ်သောနေရာတွင် အိပ်ခန်းရော၊ ထမင်းစားခန်းရော၊ မီးဖိုခန်းရော၊ ဧည့်ခန်းရောကိုပါ တစ်ပေါင်းတည်း ပြီးရဟန်တူသည်။ မိုးရွာနေသဖြင့် တစ်မိသားစုလုံးသည် အိမ်၏ ထိုတစ်နေရာထဲတွင်ပင် ငုတ်တုတ်စုဝေး ထိုင်နေကြသည်ကို တွေ့ရသည်။ အိမ်ကြီးအိမ်ကောင်းဆိုသည်မှာလည်း ခပ်ယောင်ယောင်မျှသာ ကြီးသော ထရံကာ၊ သက်ငယ်မိုး တဲတစ်လုံးသာဖြစ်သည်။

ရွာထဲကို ဧည့်သည်တစ်ဖွဲ့ ရောက်နေမှန်းသိကြတော့ ပြတင်းတံခါးဝကနေ ပြူတစ် ပြူတစ် ချောင်းကြည့်ရင်း အကဲခတ်ကြသည်။ မြမြမောင်းတို့အဖွဲ့မှန်း သိသောအခါ မမနှင့် မျက်မှန်းတန်းမိပြီးသူများက လှမ်း၍ ပြုံးပြကြသည်။ ရင်းနှီးပြီးဟန်တူသူများက လက်ပြနှုတ်ဆက်ကြသည်။

မမသည် ရွာဝင်လမ်းမအတိုင်း အတန်ငယ် လျှောက်လာပြီးနောက် စဉ့်အိုးငယ်နှစ်လုံး ချထားသော အိမ်ရှေ့တွင် ရပ်လိုက်သည်။

"မမခင်ရေ. . . ရှိလား"

မရှေးမနှောင်းမှာပင် အမျိုးသမီးတစ်ဦး၏ ပြန်လည်တုံ့ပြန်သံ ကြားရသည်။

"ဆရာမတို့လား. . . ဝင်ခဲ့လေ"

အိမ်ထဲကို ဝင်သွားတော့ အစောက စကားပြန်ဖြေခဲ့သူ အမျိုးသမီးက ထမင်းအိုး ငှဲ့နေရင်းက ခပ်သွက်သွက်ထလာပြီး သပေါ့ဖျာတစ်ချပ် ခင်းကာ ကပျာကယာ ခရီးဦးကြိုပြုသည်။

အထဲသို့ ဝင်ဝင်ချင်း အိမ်ခေါင်းရင်းတွင် ဆင့်၍ ထပ်ထားသော အရွယ်စုံ ဒန်အိုးအသစ်များကို သတိပြုမိသည်။ ငါးလုံး၊ ခြောက်လုံးလောက် ရှိမည်ထင်ပါသည်။ သုံးနှစ်အရွယ်ခန့်ရှိ ကလေးမကလေးတစ်ဦးက အိမ်ဖိနပ်ချွတ်အနားတွင် ခြေဆင်းထိုင်လျက် သူ့နှာခေါင်းကို လက်ဖြင့်နှိုက်ရင်းက ရှယ်လီတို့ကို မော့ကြည့်စူးစမ်းလေသည်။

လေးယောက်အုပ်စု၏ ခန္ဓာဝန်ကို သည်အိမ်ကလေး ခံနိုင်ပါ့မလား စိုးထိတ်မိသည်။ ထို့ကြောင့် ရှယ်လီသည် အသက်ဝဝရှုလိုက်ရမှာကိုပင် အားနာသလို

mgyoe.com SAMPLE BOOK

ဖြစ်နေသည်။ အိမ်အောက်တွင် နှုတ်သီးနှင့် ထိုးဆွကာ အစာရှာနေသော ကြက်သားအမိကို ကြမ်းခင်းကျိုးတိုးကျဲတဲကြားက လှမ်းမြင်နေရသည်။ အိမ်အောက်ရှိ မြေသားသည် ရွှံ့စပ်စပ် ရေစပ်စပ်နှင့် ဖြစ်သည်။

"မိုးရွာနေတာနဲ့ ဆရာမရေ အခုမှပဲ ချက်လို့ ပြီးတော့တယ်၊ ကလေးကလည်း မငြိမ်ဘူး၊ တအီအီနဲ့၊ ဆရာမတို့ရော စားပြီးခဲ့ကြပြီလား"

"လုပ်စရာရှိတာ လုပ်ပါ မမခင်၊ ကျွန်မလည်း ဒီဘက်မရောက်တာ နည်းနည်းကြာသွားတာနဲ့ ဒီတစ်ခါ ကိုယ်တိုင်လိုက်လာလိုက်တာ၊ ပြီးတော့ ဒီက ဆရာမအသစ်ကလေးနဲ့လည်း မိတ်ဆက်ပေးချင်လို့၊ နောက်ပိုင်း ဒီရွာကို တာဝန်ယူမယ့်သူလေ"

မမခင်သည် လက်နှစ်ဖက်ကို ရှေ့တွင်ယှက်လျက် ကျို့ကျို့ယို့ယို့ ပုဆစ်တုပ်ထိုင်ကာ ရှယ်လီကို ပြုံးပြသည်။

"ရှယ်လီ၊ ဒီကညီမနာမည်က မမခင်တဲ့။ ဒီရွာမှာ အားအကိုးရဆုံးသူပေါ့၊ အမျိုးသမီးတွေထဲမှာ အတော်ကလေး သွက်သွက်လက်လက်ရှိတယ်"

မြမြမောင်း၏ ချီးမွမ်းစကားကြောင့် မမခင် ရှက်နေဟန်တူသည်။

"ဆရာမကလည်း လုပ်တော့မယ်၊ ဒါနဲ့ အုပ်ချုပ်ရေးမှူးဆီ ရောက်ပြီးပြီလား"

"မရောက်ရသေးဘူး မမခင်ရဲ့၊ ဒီကို အရင်လာလိုက်တာ။ တခြားကိစ္စတစ်ခုကလည်း အမျိုးသမီးတွေ စိတ်တူကိုယ်တူ အဖွဲ့ကလေးဖွဲ့ပြီး ငွေစုတာမျိုး ဒီရွာက စိတ်ဝင်စားကြမလားလို့၊ အဲဒီကိစ္စ မမခင်နဲ့ ပြောချင်တာလည်း ပါတယ်"

"ဆရာမတို့ ဆန္ဒရှိရင် ကျွန်မ လူစုပေးမှာပေါ့"ဆိုပြီး မမခင်က ပြောတော့ မမက ပျာပျာသလဲ ရှင်းပြသည်။

"မဟုတ်ဘူးနော် မမခင်၊ ကျွန်မတို့ဆန္ဒ မဟုတ်ပါဘူး၊ အားလုံးဆန္ဒရှိမှပါ၊ အသေးစိတ်ကိုတော့ နောက်အပတ်ကျမှ ချိုချိုဦးနဲ့ ရှယ်လီက လာပြီး ရှင်းပြပါလိမ့်မယ်။ အခုက ကျွန်မက အရင် လာလေ့လာတဲ့သဘောပါပဲ"

"လောလောဆယ်က ဆရာမရယ်၊ တစ်နေ့က အုပ်ချုပ်ရေးမှူးပြောတာတော့ ရေက အဓိကဖြစ်နေတယ်။ အခုဆို မိုးကုန်သွားပြီဟုတ်လား၊ အရင်တုန်းက ရှိခဲ့တဲ့ ကန်ကိုလည်း ပြန်မဆယ်ရသေးဘူး"

"အဲဒီ ရေကိစ္စလည်း ပါတယ်။ အခု တခြားရွာတွေက ရေလိုတဲ့အကြောင်း သတင်းပို့ကြပေမယ့် စလူဆိပ်က ဘာအသံမှမကြားလို့ ကျွန်မက အံ့သြနေတာ"

mgyoe.com

mgyoe.com SAMPLE BOOK

မမက စိတ်ဝင်တစား မေးမြန်းဖော်ရတော့ မမခင်မှာ ပို၍ အာသွက် လျှာသွက် ရှိလာသည်။ အသက်မွေးဝမ်းကျောင်းအတွက် စိမ်းကိန်းက ပေးသော ဝက်ကို ရရှိသော အချို့အိမ်ထောင်စုများမှာ ဝက်စာအတွက် ခက်ခဲနေကြောင်း၊ ထို့အပြင် ရေလုပ်သားတို့ ရသောလှေမှာလည်း ခုနစ်တောင်လှေသာဖြစ်၍ မြစ်ပြင်ကျယ်သို့ မသွားနိုင်ဘဲ ချောင်းကျဉ်းတွင်သာ အသုံးပြုရကြောင်း၊ စိမ်းကိန်းအကူအညီရထားသူ တော်တော်များများက စိမ်းကိန်းကို အကြွေးပြန်ဆပ်ရမည်ဟု ထင်နေကြကြောင်းနှင့် နာဂစ်အပြီးတွင် ငါးအရ နည်းလာကြောင်း သူကြားသမျှ၊ သိသမျှကို စုံစုံစေ့စေ့ အစီရင်ခံသည်။

အသက်ဆက်ရသည်ဆိုသည်မှာ မလွယ်လှသော ကိစ္စပါတကား။

မြမြမောင်းက အုပ်ချုပ်ရေးမှူးကို အသေးစိတ် မေးကြည့်ဦးမည်။ ရုံးကိုလည်း တင်ပြပေးမည်ဟု အာမခံခဲ့သည်။

အိမ်ထဲတွင် တတောက်တောက် ပြေးလွှားနေသော ကလေးကို ရှယ်လီသည် အကြောင်းမဲ့ ငေးကြည့်နေမိသည်။

ကလေးငယ်သည် ဒူးအထိအောင် ရှည်သော စွပ်ကျယ်ကြီးကို ဝတ်ထားသည်။ ပခုံးလက်ကျနေသော အင်္ကျီလက်အောက်တွင် သူ့လက်ပိန်ပိန်ကလေးကို လှမ်းမြင်နေရသည်။ လက်သည်းကြား ကြေးအထပ်ထပ်ရှိသည်ကို သူ ဂရုမစိုက်။ သည်လက်နှင့်ပင် နှာခေါင်းနှိုက်လိုက်၊ ပါးစပ်နှိုက်လိုက်နှင့်။ ခဏကြာတော့ ဆာတယ်ဟု ဂျီကျပြန်သည်။

ကလေး အီသံသည် ရွှံ့ပုပ်နံ့နှင့်အပြိုင် စိတ်နောက်ကျိစေသည်။

မွန်းလိုက်တာကွယ်။

ဗွက်ရေစိုနေသော ထဘီကို မမခင်က သူ့တွင်ရှိသော လုံချည်နှင့် လဲမလားဟု မေးသည်။ ရှယ်လီ ခေါင်းခါ၏။

"ရေအိမ်သွားလို့ ရမလားဟင်"

ရှယ်လီ့အမေးကို မမခင်က တက်တက်ကြွကြွ မဖြေ။

"သွားလို့တော့ ရပါတယ်၊ ဒါပေမဲ့ ဆရာမ ဖြစ်ပါ့မလားပဲ"တဲ့။ မတတ်နိုင်ပြီလေ။ အိမ်သာရှိသောအိမ်သို့ ချိုချိုဦးက လိုက်ပို့ပေးမည်ဟု ပြောသည်။ မဝေးပါဟုဆိုသော်လည်း နေရာက မရွှေ့ချင်သူအဖို့ကတော့ အလှမ်းကျယ်လှသည်ပင်။

"နာဂစ်ပြီးခါစက အလှူရှင်တွေက အိုးတွေ၊ ခွက်တွေ လိုမှာပဲဆိုပြီး

mgyoe.com

mgyoe.com SAMPLE BOOK
ပေးလိုက်ကြတာ မနည်းမနော၊ ဒါတွေကို ပြန်ရောင်းလို့တော့ ရတာပေါ့လေ။ ဖြစ်နိုင်ရင်တော့ ဆရာမတို့ စီမံကိန်းက အိမ်သာဆောက်ပေးရင် ကောင်းမယ်" ဟု မမခင်က ပြောလိုက်သည်ကို တံခါးဝက မခွာမီ ရှယ်လီ ကြားဖြစ်လိုက်သေးသည်။

ချိုချိုဦးက ကျေးရွာအုပ်ချုပ်ရေးမှူး၏ အိမ်ကို ခေါ်သွားသည်။ အခြားသူများကျတော့ အညစ်အကြေးစွန့်ရခြင်း နေ့စဉ်ပြဿနာကို မည်သို့ဖြေရှင်းကြသည် မသိ။ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အိမ်ကိုရောက်တော့ အိမ်နောက်ဖေးကနေ အိမ်သာရောက်အောင် အတော်သွားလိုက်ရသေးသည်။ ဝါးလုံးလေးလုံး ပူးထားသော ဝါးတံတားကလေးကနေ ဆက်လျှောက်သွားလျှင် ရေစပ်တွင် ဆောက်ထားသော ရေအိမ်သို့ ရောက်သည်။

အိမ်သာပတ်ပတ်လည်ကို ဆာလာအိတ်ခွံများနှင့် ကာရံထားသည်။ တံခါးဟူ၍ မရှိ။ တံခါးအဖြစ် သတ်မှတ်ထားသော ဆာလာအိတ်ခွံတစ်လုံး၏ အစွန်းကို လက်တစ်ဖက်ဖြင့် ဖိကိုင်ထားရသည်။ သက်ငယ်မိုးထားသော အမိုးသည် တစ်ခြမ်းပဲ့လျက်မို့ မိုးရေတို့ ဒလဟော သွန်ကျလာသည်။

ရှယ်လီသည် လက်တစ်ဖက်က ထီးကိုကိုင်၊ ကျန်လက်တစ်ဖက်က တံခါးဖြစ်သော ဆာလာအိတ်ခွံအစကို ဆွဲနှင့် ကိုးရိုးကားယား ဖြစ်နေသည်။ သည်ကြားထဲ လေထန်လွန်းလှ၍ သူရပ်နေရာ နေရာသည် ယိမ်းထိုးလှုပ်ခါနေသည်။

အိမ်သာကြီးများ ပြိုကျသွားလျှင်။ အတွေးမဆုံးမီပင် အပြင်သို့ အလျင်အမြန် ပြေးထွက်လိုက်သည်။ ခြေထောက်က ချော်ပြီး ဝါးတံတားအောက်ကို ကျမလို ဖြစ်သွားသည်။ ဘေးနားက လက်ရန်းအသေးကလေးကိုသာ ကိုင်မဆွဲထားလျှင် ဗွက်ရေလူးခဲ့ရသော ရှယ်လီသည် မစင်ပုံကိုပါ ထပ်လူးရဦးမည့်အဖြစ်မျိုး။

"ရွာကလူတွေက ချစ်ခင်လို့ပဲ ပေးပေး၊ အားနာလို့ပဲ ပေးပေး၊ ဘယ်လိုအကြောင်းနဲ့ပေးပေး သူတို့ဆီက ဘာမှမယူပါနဲ့၊ ရေတစ်ခွက်တောင် မသောက်နဲ့ဗျာ။ အခုနေမှာ ရေတောင် ရှားပါးနေရတာ"

ပြီးခဲ့သည့်အပတ်က အစည်းအဝေးတွင် စီမံကိန်းမန်နေဂျာ ပြောခဲ့သော သတိပေးစကားကို အမှတ်ရသွားသည်။ သို့နှင့် ရှယ်လီမှာ အိမ်ရှင့်ထံ လက်ဆေးဖို့ရေ တောင်းလိုက်ရမှာကိုပင် တွန့်သွားမိသည်။ ချိုချိုဦးက အဆင်ပြေရဲ့လားမေးသည်ကိုလည်း ဖြေနိုင်စွမ်းမရှိတော့။ အခု ထပြန်လို့ အခုရောက်မည်ဆိုလျှင် ရန်ကုန်ကိုသာ ပြန်ပြေးချင်လှတော့သည်။ သည်နေ့အထိ ရှယ်လီဆီ ဖုန်းမဆက်
mgyoe.com

mgyoe.com SAMPLE BOOK

ဘဲ နေနိုင်အားသော ဒယ်ဒီကို ပို၍ အသည်းနာမိသွားပြန်သည်။

မမခင်တို့အိမ်ကို ပြန်ရောက်တော့ ရှယ်လီတို့ကို ထမင်းစား စောင့်နေတာဟု ဆိုသည်။ မမသည် အသင့်ယူလာသော ချိုင့်ကို ရှယ်လီရှေ့သို့ ချပေးသည်။ မချက်ပြုတ်တတ်သူ ရှယ်လီအတွက် မလစ်ဟင်းစေရအောင် မမက စီမံပေးပြီးသား ဖြစ်သည်။

"ရွာတွေမှာ ဝယ်စားစရာ ဆိုင်မရှိဘူး ရှယ်လီရဲ့၊ နောက်တစ်ခါ ညီမလေး ရွာဆင်းရင်လည်း စားစရာတစ်ခုခု ယူသွားရမှာပဲ"

ရှယ်လီ မဆာသေးပါ။ တကယ်က မဆာသေးရခြင်းထက် မစားလိုခြင်း ဖြစ်သည်။ သူ့လက်ကိုကြည့်ပြီး စိတ်မသန့်ဖြစ်နေတာလည်း ပါသည်။ သို့နှင့် ထမင်းချိုင့်ခွက်ထဲကို ဇွန်းနှင့် ဆွကာ မွှေကာ လုပ်နေရင်းနှင့်ပင် အချိန်ကုန်သွားသည်။

"စိတ်တူကိုယ်တူ အမျိုးသမီးအဖွဲ့ဆိုတာက အမျိုးသမီးတွေ ခြောက်ယောက်ကနေ ဆယ်ယောက်အထိ တစ်ဖွဲ့ဖွဲ့ လို့ရတယ်။ ကိုယ့်ရွာအနေအထားနဲ့ ကြည့်ရင် ငွေကြေးတတ်နိုင်တယ်ဆိုတဲ့သူတွေ ပါခွင့်မပြုသင့်ဘူး။ ဘာလို့လဲဆိုတော့ အဖွဲ့ထဲမှာ ဩဇာအာဏာရှိသူ၊ ပိုက်ဆံပိုရှိသူက လွှမ်းမိုးမှာစိုးလို့လေ။

အဲဒီအဖွဲ့က အားလုံး စိတ်တူကိုယ်တူ ငွေစုကြ၊ ချေးကြဖို့ပါ၊ ဘယ်လောက်စုမယ်၊ အဖွဲ့ထဲမှာ ဘယ်သူတွေက ခေါင်းဆောင်ဖြစ်မယ်၊ စာရင်းကိုင်ဖြစ်မယ်၊ ဘယ်နေ့တွေမှာ အစည်းအဝေးခေါ်မယ်ဆိုတာကို အဖွဲ့ဝင်တွေရဲ့ သဘောအတိုင်း သွားရမှာပေါ့။ အစည်းအဝေးတွေမှာ စုငွေ၊ ချေးငွေ၊ သုံးငွေ၊ ရတဲ့အတိုးတွေကို ပွင့်ပွင့်လင်းလင်း စာရင်းရှင်းပြရမယ်။ ကျွန်မတို့စီမံကိန်းအနေနဲ့က စာရင်းကိုင်သင်တန်းပေးမယ်။ အဖွဲ့အတွက် လိုအပ်တဲ့ နည်းနာစည်းကမ်းတွေ ပြောပြပေးမယ်။ ရှင်းပြပေးမယ်။ အပြင်မှာ အခုဆိုရင် တစ်ဆယ်တိုးလောက်ရှိတာ။ ဒီအဖွဲ့မှာ အားလုံး သက်သက်သာသာ နှစ်ကျပ်တိုး၊ သုံးကျပ်တိုးလောက်နဲ့ ငွေချေးပြီး ရန်ပုံငွေ ပွားလာအောင် လုပ်စေချင်တာပါပဲ"

မမသည် ထမင်းစားနေရင်း မမခင်ကို စိတ်တူကိုယ်တူ အမျိုးသမီးအဖွဲ့အကြောင်း ရှင်းပြနေသည်။

မမခင်က "နောက်တစ်ပတ် ဒီက ဆရာမကလေးတွေ လာတဲ့အခါကျရင် ရွာထဲက အမျိုးသမီးတွေကို ကျွန်မ စုထားပေးပါ့မယ်"ဟု သွက်သွက်ခေါင်းညိတ်၍ ကတိခံသည်။

ကျန်သူများက စားသောက်ပြီးစီးသွားသော်လည်း ရှယ်လီ မပြီးသေး။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးငယ်သည် မမခင်အနားကို ကပ်ကာ 'အီးပါချင်ရို့' ဆိုသောအခါ မမခင်သည် ကလေးကို ချီ၍ မလှမ်းမကမ်းက နောက်ဖေးကပြင်သို့သွားပြီး အခင်းကြီးတည်သည်။ အိမ်ရှေ့နှင့် အိမ်နောက်သည် အကာအရံမရှိသဖြင့် ထိုအခြင်းအရာကို အတိုင်းသား မြင်နေရသည်။

ရှယ်လီ ထမင်းစားရပ်လိုက်သည်။ မမက လှမ်းကြည့်သည်။

❑

"ကျွန်မအမျိုးသားက ဒီရွာက မဟုတ်ပါဘူး၊ သူက သယ်န်းကြီးဇာတိ၊ ဒါပေမဲ့ ဆားချက်ရွာမှာ အလုပ်လုပ်တယ်၊ ဆားကွင်းက ဆားသူကြီးပါ၊ သူတို့ဆားကွင်းက ဧကတစ်ရာလောက် ရှိတာဆိုတော့ အတော်ကြီးတာပေါ့။ ဆားချက်ရတာကလည်း အဆင့်ဆင့် အချိန်ကြာအောင်လုပ်ရတော့ ဆားလုပ်သားတွေဟာ မိသားစုတွေ ခေါ်လာကြတယ်။ ဆားဖို သူကြီးရယ်၊ ဆားချက်လုပ်သား မိသားစုတွေရယ် စုပြီး ရွာတည်ထားသလိုပါပဲ။ ကျွန်မယောကျာ်းကတော့ တစ်ဦးတည်းပဲ နေတယ်။ မိဘမောင်နှမလည်း မရှိတော့ဘူးလေ။ သူက လှေထိုးသားဘဝကနေ ဖိုသူကြီးဖြစ်လာတော့ အင်မတန် အောက်သက်ကျေပါတယ်။ ရိုးလည်းရိုး၊ အနေလည်းအေး၊ ကြိုးလည်းကြိုးစားတော့ ဆားဖိုပိုင်ရှင် အင်မတန်စိတ်ချရတဲ့သူပေါ့"

စာမျက်နှာဟောင်းများ၏ အဦးဆုံးပိုင်းသည် မမခင်၏မျက်နှာကို ဝင်းပကြည်လင်လာစေသည်။

အစက 'ဒီအကြောင်းတွေကို ကျွန်မ ပြန်မပြောတော့တာ ကြာပြီ'ဟု မမခင်က ဆိုလိုက်တော့ ရှယ်လီသည် သူမသိတတ်မှုအတွက် သူ့ကိုယ်သူ အပြစ်တင်မိသည်။

ထမင်းဝိုင်းသိမ်းတော့ ရှယ်လီတို့ လူအုပ်အနားကို တိုးကပ်လာသော ကလေးငယ်ကို မမက ဝေဖာတစ်ခု ထုတ်ကျွေးသည်။ သည်တော့မှ မနက်က လှေပေါ် မတက်မီ ကုန်စုံဆိုင်သို့ ပြေး၍ မမ မုန့်သွားဝယ်ခဲ့ရခြင်းကို သဘောပေါက်တော့သည်။

ရှယ်လီသည်လည်း မမလိုပဲ သူတာဝန်ယူရမည့်ရွာနှင့် အကျွမ်းတဝင်ရှိလိုပါသည်။ မမ၏ ဖော်ရွေတတ်သိမှုကို မြင်တော့ အေးတိအေးစက် မထုံတက်သေးလုပ်နေသော သူ့ကိုယ်သူ အားမရဖြစ်လာသည်။

"ကလေးက ချစ်စရာကလေးနော်"

သည်စကားကို မည်သည့်ဆိုလိုရင်းမျှ မပါဘဲ အေးစက်နေသော အနေ

mgyoe.com

mgyoe.com
SAMPLE BOOK

အထားကို ဖောက်ခွဲ၍ ရင်းနှီးနွေးထွေးမှုရရန်သက်သက် ရှယ်လီ ပြောလိုက်ခြင်း ရယ်ပါ။

သို့ပေမဲ့ မမခင်၏ ဒဏ်ရာဟောင်းကို တူးဆွနှင့်ပြီးဖြစ်သွားသည်။ ကလေးကို မမခင်က ဆွဲပွေ့ယူကာ သူ၏နှာရည်များကို သုတ်ပေးသည်။ ကလေးသည် မမခင်ကို တစ်လှည့်၊ ရှယ်လီတို့ကို တစ်လှည့်စိုက်ကြည့်ပြီး ပါးစုန့်များ မို့တက်သည် အထိ ရယ်ပြုံးပြသည်။

မမခင်သည်လည်း ကလေးကိုကြည့်ပြီး-

"ဒီကလေးကို တွေ့ရင်လည်း ကျွန်မယောကျ်ားက ချစ်မှာပါ" ဆိုသည်။

ထို့နောက် ရှယ်လီ စကားမှားသွားခဲ့သည်မှစ၍ အဖြူ အမည်း ပြကွက်တို့သည် နေ့းတစ်ခါ မြန်တစ်လှည့်နှင့် မမခင်၏အာရုံတွင် အရိပ်ပြန်ထင်လာစေသည်။

"ကျွန်မယောကျ်ားက ကျွန်မထက် ဆယ့်ငါးနှစ်လောက် ကြီးတယ်၊ ကျွန်မ မောင်တစ်ယောက်က သူ့တပည့်၊ တပေါင်းလလယ်ကြီးလောက်မှာ ပျင်းပျင်းရှိတာနဲ့ သူတို့ ဆားကွင်းကို သွားလည်ရင်း သူနဲ့တွေ့တာပေါ့။ အင်း. . . ဖူးစာလို့ ဆိုရမှာပေါ့လေ။ အိမ်ထောင်ပြုဖို့ တစ်သက်လုံး စိတ်ကူးမရှိခဲ့တဲ့သူက သေတစ်ပန်သက်ဆုံး ကျွန်မတစ်ယောက်တည်းကိုပဲ ချစ်သတဲ့။ ဆရာမရယ်. . . ဘေးကလည်း အမြှောက်အပင့်ကောင်းတော့ ကြာတော့ ကျွန်မလည်း သရိုးသရီ ဖြစ်လာရော"

ကလေးသည် ဝေဖာတောင့်ကို သူ့လက်ညှိုးနှင့် လက်မဖိကာ ခြေ၍ယူစားလေသည်။ မမခင်က သူ့အချစ်ဇာတ်လမ်းကို ပြန်နှုးရင်း တပြုံးပြုံးဖြစ်နေသည်ကို ကြည့်ပြီး သူတလေးကလည်း တခစ်ခစ်ရယ်သည်။

အိမ်အပြင်တွင် ကောင်းကင်သည် လင်းနေ၏။ သို့သော် မိုးမစဲသေး။ မိုးဖြူမစဲ မိုးမည်းမရွာဆိုသည့်စကား မှန်လေသည်လား မသိ။

"လူကြီးက အစကတော့ တောပဲထွက်တော့မယ်လိုလိုနဲ့၊ တကယ်လည်း ကျွန်မနဲ့ယူတော့ လိုက်ပါရစေ ရွှေနွယ်ရိုးရယ် ဆိုတာမျိုး သူပဲ ဖြစ်နေတော့တာ။ ကျွန်မကလည်း သူ့ဆားကွင်းမှာ မနေနိုင်ပါဘူး။ အမေရှိသေးတယ်။ ဒီလိုနဲ့ ကျွန်မတို့ရွာကို သူလိုက်လာတယ်။ သူနဲ့ကျွန်မ ယူကြတော့ ကဆုန်လကြီးမှာ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကပေါ့။ ရွာထုံးစံကတော့ အများကြီးလည်း ဇာချဲ့မနေနိုင်ပါဘူး၊ တစ်ဦးကိုတစ်ဦး အမှန်တကယ် စုံမက်ကြတယ်ဆိုရင် ပြီးရောမဟုတ်လား။ ကျွန်မကလည်း အချိန်ဆွဲမနေဘူး။ ချက်ချင်း ခေါင်းညိတ်လိုက်တာနဲ့ ယူဖြစ်သွားကြရော"

mgyoe.com

mgyoe.com SAMPLE BOOK

မမခင်၏ ပွင့်ပွင့်လင်းလင်း အပြောကြောင့် သူ့ဇာတ်လမ်းကို သောတ ဆင်နေကြသော ပရိသတ်က မရယ်ဘဲ မနေနိုင်။

"မမခင်ကလည်း နည်းနည်းတော့ မူတာမဟုတ်ဘူး"ဆိုပြီး တိုးဇော်က အရွှန်းဖောက်သည်။ မမခင်သည် ပြောနေရင်းက ရုတ်တရက် မျက်နှာညှိုးကျသွား ပြီး-

"အဲဒီလိုမမူဘဲ၊ အချိန်မဆွဲဘဲ ပေါင်းခဲ့တာတောင်မှ အိမ်ထောင်သက် မကြာခဲ့တာပဲ ဆရာရယ်"

အားလုံး တိတ်ဆိတ်သွားသည်။ ဘဝဇာတ်ခုံပေါ်တွင် ကံဇာတ်ဆရာ အလိုကျ အသောနှင့်အလွမ်း၊ အရယ်နှင့်အငိုကို အလှည့်ကျ အသုံးတော်ခံကြရ သည်ပင်။ မမခင်တို့ အချစ်ဇာတ်လမ်းသည် ပွေလီရှုပ်ထွေးမှု ကင်းသည်။ တစ်နေ့ လုပ်မှ တစ်နေ့စားဘဝများ ဖြစ်သော်လည်း တူနှစ်ကိုယ်နီးရေးတွင် မနက်ဖြန် အကြောင်းကို ယိုးမယ်ဖွဲ့ကာ တောင်တောင်ဤဤ အတွေးများခဲ့ကြခြင်းမရှိပေ။

မင်္ဂလာလက်ဖွဲ့ရသည့် ငွေများဖြင့် လှေနှင့်ပိုက်ဝယ်၍ မမခင်တို့ဇနီး မောင်နှံ ဘဝစခဲ့ကြသည်။ မြစ်ဧရာ၏ အတက်အလက် အခက်အဖြာအသွယ်သွယ် တွင် မောင်က ကွန်ဖြန့်၍ မယ်က ငါးကောက်သည်။ မောင်တစ်ထမ်း မယ်တစ်ရွက် ဖြင့် ဆောင်းငွေ့ကြွယ်သော နေ့များနှင့် မိုးပဇ္ဇုန် ငြိုးမာန်ကြီးသော ရက်များကို အတူကျော်ဖြတ်ခဲ့ကြသည်။ တစ်ယောက်လက် တစ်ယောက်တွဲ၊ တစ်ယောက်ကျော တစ်ယောက်ကပ်၊ တစ်ယောက်ချွေး တစ်ယောက်သုတ်ပေးရင်းပေါ့လေ။

"ရာသီလေကုန်ခန်းလို့လည်း. . . အားလပ်တဲ့အချိန်အခါဆိုတာ မရှိ သလောက်ပါပဲ ဆရာမရယ်"တဲ့။ သို့ပေမဲ့ မမခင်တို့ ပျော်ခဲ့ကြသည်ပဲလေ။

နွမ်းလျသမျှသည် တစ်ဝမ်းတစ်ခါး ဖူလုံရုံသာ ရှိခဲ့သည်ကိုပင် မမှုနိုင်ခဲ့။ ဟာသောဝမ်းမီးကို အချစ်ရေစင်နှင့် ငြိမ်းသတ်နိုင်ခဲ့ကြသည်ပဲ။ နောက်တစ်နေ့ မိုးသောက်ချိန်မှာ စားစရာ အသင့်ရှိနေနိုင်ရေးဟာ အနာဂတ်ဆိုလျှင်တော့ မမခင် တို့အတွက် မနက်ဖြန်သည် ပူစရာမလို။ စားစရာဆိုထာ ရေတဲကာ နှိုက်ယူလိုက် ရုံပင်။ ချောင်းမြောင်း မြစ် မတိမ်ကောသရွေ့ မပျင်းမရှိ ဖွေရှာနိုင်လျှင် ဝမ်းစာ သည် မရှားလှ။ သည်ရေထုသည် မမခင်တို့၏ ကျေးဇူးရှင်။ ထို့ကြောင့်ပင် တတ် အားသရွေ့ ပူဇော်ခဲ့ပါသည်၊ ပသခဲ့ပါသည်၊ အားထားခဲ့ပါသည်။ ရန်သူမျိုးငါးပါး တွင် တစ်ပါးအပါအဝင်ဟု သတ်မှတ်ခံထားရသူသည် အကြောင်းမသင့်သည့် တစ်နေ့တွင် ပါးပျဉ်းထောင်လာနိုင်သည်ကိုပင် မေ့လျော့ထားခဲ့မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆင်းရဲခြင်းကို ချစ်ခြင်းမေတ္တာဖြင့် အန်တုရ၍ တောင့်ခံထားနိုင်ခဲ့သော်လည်း သဘာဝဘေးဒဏ်ကြောင့် ကွေကွဲရခြင်းကမူ ပြေးမလွတ်ခဲ့။ ပုဂ္ဂလိကဘဝဖြစ်တည်မှုသည် သူ့ချည်း ထီးထီးတည်းမဟုတ်။ လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်အပေါ် တွင်လည်း တည်မှီရသေး၏။

အဆိုးနှင့် ကြုံလာတော့မှသာ ဒါဟာ လောကဓံရယ်လို့ ကြိုးစားပြီး ဖြေသိမ့်ကြရသည်။ နေသာနေတဲ့အချိန်မှာတော့ လူတို့ဟာ နေလို့သာနေကြဆဲဖြစ်သည်မှာ ဓမ္မတာပင်။

"ကျွန်မတို့ အိမ်ထောင်သက် ခြောက်နှစ်ကျော် ခုနစ်နှစ်ရှိမှ ကလေးရတာယ်။ ကိုယ့်ရင်ကဖြစ်တဲ့ သွေးသားဆိုတဲ့ ခံစားချက်က ဘာနဲ့မှမတူဘူး ဆရာမရဲ့"

ဘဝကို ခင်တွယ်နေစေရန် ဘဝတဏှာကလေးတွေ တိုးပွားဖို့ လိုသည်ကိုး။ တူနှစ်ကိုယ် လျှောင်းမွေ့ကြရသည့် ရက်များ နည်းပါးလာသည်။ လင်ကိုယ်မယား နှစ်ဦးတည်းရှိစဉ်က အကြောင်းမဟုတ်သော်လည်း သူတို့ဘဝထဲသို့ ချစ်စဖွယ် သားကလေး ဝင်ရောက်လာသောအခါ သူတို့ ရှင်သန်ရာ လောကအကျယ်ကို ချဲ့ထွင်လိုလာသည်။

"သမ္မာအာဇီဝဆိုတာ ဘာကိုခေါ်မှန်း ကျွန်မမသိဘူး။ သူများအသက်နဲ့ အရင်းပြုခဲ့ရပေမယ့် ကျွန်မတို့ ရှာဖွေစုဆောင်းထားခဲ့တာတွေဟာ အခြားလူဆီက ခိုးပြီး လုယက်ပြီးမှ ရလာတာတွေ မဟုတ်ပါဘူး ဆရာမရယ်။ ဒါပေမဲ့ ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာက ကျွန်မတို့နဲ့ မထိုက်ဘူးလေ"

မမခင်၏ မချိတင်ကဲအသံသည် တုန်ခါမှုနှုန်း မြင့်နေသည်။ ပစ္စည်းသခင်္ခါရအတွက် ဖြေသိမ့်နိုင်လျှင်တောင် လူသင်္ခါရကို ဘယ်လိုလက်ခံရမလဲဟု သူမေးလိုက်ချိန်တွင် မိုးနှင့်အတူ လေက တစ်ချီတစ်မောင်း ခပ်ပြင်းပြင်းတိုးလိုက်သဖြင့် တဲအိမ်လေး သိမ့်သိမ့်တုန်သွားသည်။ ဒီနေ့မှ မိုးကောင်းနေလိုက်တာဟု ရှယ်လီတွေးလေသည်။

❑

ထို့အတူ ထိုနေ့ကလည်း မိုးကောင်းနေခဲ့ပါသည်။

ဧပြီလ နောက်ဆုံးအပတ်တွင် အခြေတည်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် အားကောင်းလာကာ (၂၈) ရက်နေ့တွင် ဆိုက်ကလုန်းမုန်တိုင်းနာဂစ်အဖြစ် ဟိုင်းကြီးကျွန်း၏ အနောက်မြောက်ဘက် မိုင် ၅၄၀ အကွာ ပင်လယ်

mgyoe.com

mgyoe.com SAMPLE BOOK

ပြင်ကို ဗဟိုပြုနေခဲ့သည်။

ထိုမုန်တိုင်းသည် လူပေါင်းတစ်သိန်းကျော်၏ အသက်ဝိညာဉ်ကို နှုတ်ယူသွားမည့် ဖျက်အားပြင်း မိစ္ဆာတစ်ကောင်ဖြစ်လိမ့်မည်ဟု မြန်မာပြည်သူတစ်ရပ်လုံး တွေးမထားခဲ့။ သို့နှင့် ဧပြီ (၃၀) ရက်နေ့တွင် ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် (၄၈၀) ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်ဟု ရေဒီယိုနှင့် ရုပ်မြင်သံကြား မိုးလေဝသ သတိပေးချက်များက ထုတ်ပြန်သော်လည်း မုန်တိုင်းသည် ဧရာဝတီ၏ ဖွားဖက်တော်ဖြစ်နေသည်မှာ အသားကျပြီးဖြစ်၍ အရေးတယူမရှိကြ။

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်ဆိုသော မိုင်ခြောက်ဆယ်ဝန်းကျင်တိုက်ခတ်မည့်လေဟုသာ နားလည်ထားခဲ့သည်။ "မုန်တိုင်းရှိမှပဲ နားရတော့တယ်" ဟု ချစ်ခင်ပွန်းက ဆိုခဲ့သေးသည်ကို မမခင် အမှတ်ရမိသည်။

"အဲဒီတုန်းကတော့ အဲဒီနေ့ကစပြီး သူတစ်သက်လုံး အပြီးအနားရတော့မယ်ဆိုတာ ဘယ်သိခဲ့မှာလဲ ဆရာမရယ်"

မွန်းလွဲချိန်တွင် လေသည် သုန်ရာမှ မှုန်လာသည်။ ပုတီးစိပ်နေသော အမေသည် ရင်ဘတ်ဖိ၍ ဘုရားတသည်။ အစောပိုင်းက အိမ်ထဲတွင် ဟိုဟိုသည်သည် ပြေးလွှားဆော့ကစားနေသော သားကလေးသည် အမေကို ဖက်၍ အာခေါင်ခြစ် ငိုသည်။ ခင်ပွန်းသည်ကမူ လှဲ့နေရာက ခေါင်းထောင်ကြည့်ပြီး ပြောသည်။

'ဘာမှမဖြစ်ဘူး၊ ပြီးသွားမှာ. . .' တဲ့။

လေအော်သံသည် လည်မျိုအညှစ်ခံထားရသော ကြောင်တစ်ကောင်၏ သေငယ်ဇောနှင့် ရှုန်းကန်သံလို စူးစူးဝါးဝါး ကယောင်ချောက်ချားသဖွယ်။ တဝေါဝေါ မြည်ဟည်းဒေါထန်နေပုံက ဘာမဆို တိုက်စားပစ်ရန် အသင့်ရှိနေမှန်း တဖြည်းဖြည်း ခံစားမိလာသည်နှင့် သားအမိသားအဖတစ်တွေ တစ်ဦးလက်ကို တစ်ဦး တင်းတင်းမြဲမြဲ ဆုပ်ကိုင်လိုက်ကြသည်။

ထိုစဉ်ပင် အိမ်အမိုးနှင့် ဘေးဘက်တစ်ခြမ်းသည် ပြိုဆင်းကာခဲ့သည်။ သားငယ်မှာ အော်ဟစ်၍ပင် မငိုနိုင်။ မျက်လုံးအပြူးသားနှင့် သူ့ခန္ဓာကိုယ်ကလေးမှာလည်း ကြောက်လွန်းလှသဖြင့် တဆတ်ဆတ်တုန်နေရှာသည်။

"အိမ်အပြင်ထွက်လိုက်တော့ ကိုယ်လိုပဲ ထွက်ပြေးလာကြတဲ့သူတွေကို တွေ့ရတယ်"

❑

mgyoe.com

mgyoe.com
SAMPLE BOOK

မမခင်က ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

ထိုစဉ်ကနှင့် ခြားနားစွာ ယခုတော့ အပြင်ဘက်တွင် မိုးပါးလျခဲ့ပြီ။ တံစက်မြိတ်တစ်လျှောက် မိုးပေါက်များ သိမ်မွေ့စွာ လျှောကျယိုဆင်းနေသည်။ ဝေဖာစားနေသော သမီးကလေးသည် မမခင်၏ ပေါင်ပေါ်တွင် မျက်လုံးများ မှေးစင်းလျက်ရှိသည်။ ရှယ်လီကမူ မျက်လွှာကို မှိတ်ချလိုက်၏။ အော်သံ၊ ခေါ်သံ၊ ငိုသံများ ပဲ့တင်ထပ်သလို ကြားယောင်လာမိသည်။

'မိုးမှောင်ကျသည်'ဆိုသည့်စကားကို ထိုစဉ်က အိမ်အပြင်ဘက် ပြေးထွက်လိုက်သည့်အချိန်မှာ မမခင် နားလည်သွားသည်။

သွပ်ပြားများ၊ သစ်တိုဝါးစများ၊ သစ်ပင်အကိုင်းအခက်များ လေထဲတွင် အရှိန်နှင့် ဝဲပျံနေသည်။ လူတို့ ပြေးလွှားဆွဲလွဲသံ၊ အိမ်တို့ ပြိုကျသံ၊ နွားနှင့်ဝက်တို့ ချည်တိုင်မှ ရုန်းကန်အော်ဟစ်သံသည် သူတို့ကမ္ဘာပျက်သည်မှာ သေချာပြီဖြစ်ကြောင်း ကြေညာမောင်းခတ်နေသလိုပင်။

လေတိုက်အား ပြင်းလွန်းလှသဖြင့် တစ်ယောက်လက်ကို တစ်ယောက် မလွှတ်ဝံ့။ ကျောချင်းကပ် ရင်ချင်းအပ်ထားရသည်။ သစ်ပင်တို့လည်း ပြိုလဲကုန်သဖြင့် မှီတွယ်ရာအတွက် မည်သည့်အရာကို ခိုကပ်ရမည် မသိတော့ချေ။

ခြေသလုံးမြုပ်အောင် ရေတက်လာသောအခါ ခင်ပွန်းသည်က လှေကို ပြေးဆွဲသည်။ မမခင်သည် လူစုမကွဲစေရန် သုံ့အမေနှင့် သားငယ်ကို တင်းတင်းဖက်ထားရင်း ကျန်ရစ်ခဲ့သည်။ အိမ်ဘေးတွင် ချထားသော လှေကိုယူလာတော့ သားအဖတစ်တွေ လှေပေါ်သို့ အမြန်ပြေးတက်သည်။ တကယ်တော့ လုပ်မိလုပ်ရာ လုပ်လိုက်ကြခြင်းသာ။ နောက်ဆုံး ထွက်ပေါက်ကို စမ်းသပ်လိုက်ခြင်းသာ။ ကံကြမ္မာကို မမျှော်သောအင်အားနှင့် အန်တုရန် ကြိုးစားခဲ့ခြင်းမျှသာ ဖြစ်သည်။

ထိုစဉ်မှာပင် မည်သည့်အရပ်က စီးဆင်းလာခဲ့သည်ဟုပင် မခန့်မှန်းနိုင်သော ရေလုံးကြီးသည် အင်နှင့်အားနှင့် ဒေါသတကြီး ဝင်ရောက်လာသည်။ ဝန်းကျင်တစ်ခုလုံး ရေပြင်ကြီးဖြစ်သွားလေပြီ။ လှေသည် လှိုင်းလုံးကို မကျော်နိုင်။ ရေလုံးအောက်တွင် ကြောက်အားလန့်အား ရုန်းကန်ခဲ့ရသည်။ အေးစက်ငန်ကျိနေသော ဆားရေတို့ ပါးစပ်ထဲသို့ ဝင်ကုန်သည်။ တစ်ခဏသာပဲမို့-ရေပေါ်သို့ ခေါင်းပြန်ဖော်နိုင်ချိန်တွင် မမခင်ပေါင်ပေါ်တွင် ထိုင်နေသော သားငယ်ကလေး မရှိတော့ပြီ။

တစ်ချက်ပြိုးပြက်သွားသော လျှပ်ရောင်အောက်တွင် ရေလှိုင်းနှင့်အတူ

mgyoe.com